# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း (၁၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (8-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ သဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၅ ခုနှစ် ဇွန် ၈ ရက်တွင် ကျရောက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၇၅ နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။ အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံ ပေးပို့သည့်သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု ၇၅ နှစ်ပြည့်မြောက်သည့်အခါသမယတွင် မြန်မာပြည်သူများကိုယ်စားသော်လည်းကောင်း၊ မိမိအနေဖြင့်သော်လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူစွာနှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လွန်ခဲ့သည့် ၇၅ နှစ်တာကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးခင်မင်မှုတို့ဖြင့် ထူးခြားသည့်သွင်ပြင်လက္ခဏာရှိခဲ့ပါသည်။ ယင်းသို့သောချစ်ကြည်ရင်းနှီးမှုများမှာ စာမျက်နှာ ၁၇ ကော်လံ ၁

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပေးပို့သည့်သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်

အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်ခင်ဗျား

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၇၅ နှစ်မြောက်အထိမ်းအမှတ်အခါသမယတွင် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများထံသို့ မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။ စာမျက်နှာ ၁၇ ကော်လံ ၁

## ဇွန် ၉ ရက်မှ ၁၅ ရက်ထိ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၇

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်မှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဇွန် ၉ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာ အနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။ စာမျက်နှာ ၂၁ ကော်လံ ၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၆ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၉ ရက်မှ ၁၂ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ








အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဖုန်းမှ ထုတ်ယူနိုင်ပါပြီ။

**Myanmar Mobile Money(MMM)** ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း ၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်း ငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၈ ရက်
အယ်ဒီတာ့အာဘော်

# ရွှေရောင်အနာဂတ်ဆီသို့ တက်စုံဖွင့် ရွက်ကုန်လွှင့်

မန္တလေးလျှင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ အချိန်အားဖြင့် အလွန်နီးကပ်နေပြီဖြစ်ပါသည်။ အဆိုပါစာမေးပွဲကြီးကို နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူ ၆၃၀၀၀ ခန့်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေးအတွက် သတ်မှတ်ထားသည့်ကျောင်းများတွင် ပြန်လည်လေ့ကျင့်သင်ကြားမှုများ စတင်သည့် မေလဆန်းမှစ၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ နယ်မြေခံတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ ကိုယ်တိုင်သွားရောက်၍ အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ခြင်း၊ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများဖြင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခြင်း၊ စိတ်ဓာတ်ခွန်အားမြင့်တက်စေရန် မိဘဆရာများသဖွယ် နွေးထွေးလှိုက်လှဲစွာ အားပေးစကားပြောကြားခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုကြရသော ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်အပိုင်းက မေလဆန်းမှ ဇွန်လလယ်ထိ လုံလောက်သောအချိန်အတိုင်းအတာတစ်ခုအတွင်း တက္ကသိုလ်များမှ စာမေးပွဲမေးခွန်းထုတ်သည်အထိ အတွေ့အကြုံရင့်ကျက်နေသောပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ ဘာသာရပ်အလိုက် ကျွမ်းကျင်စွာသင်ကြားနိုင်သော ဆရာ၊ ဆရာမများက လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် လိုအပ်သောပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းသုံးပစ္စည်းများကို နိုင်ငံတော်အပိုင်းက အခမဲ့ကူညီပံ့ပိုးမှုများလည်းရှိသည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရသောစိန်ခေါ်မှုကို မိမိ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကြိုးစားအားထုတ်နိုင်မှုတို့ဖြင့် မြန်မာသာမက ကမ္ဘာသို့ပါပြသနိုင်မည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ရှုမြင်ရင်ဆိုင်ကျော်ဖြတ်ရမည်ဖြစ်ပါသည်။

မန္တလေးလျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အဖြေလွှာများနှင့်စပ်လျဉ်း၍ ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလျှော့မှုအဖြစ် အားလုံးစာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများစွာရှိခဲ့သည်။ သို့သော် နိုင်ငံတော်အကြီးအကဲက ကျောင်းသား၊ ကျောင်းသူများအတွက် တရားမျှတမှုရှိစေရန်၊ ဂုဏ်သိက္ခာရှိသည့် အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံညွှန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် အမြော်အမြင်ကြီးစွာဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ ဆရာမများအတွက် အစစအရာရာအဆင်ပြေချောမွေ့အောင်၊ လစ်ဟင်းမှုမရှိအောင် လိုအပ်သည်များဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ကြောင့် ယခုအချိန်တွင် ပြန်လည်ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲနှင့်စပ်လျဉ်း၍ မြန်ပြည်တစ်ဝန်းမှ ပညာရေးကိုအားပေးသော မိဘပြည်သူအပေါင်းက နိုင်ငံတော်အစိုးရ၏ အမြော်အမြင်နှင့် စေတနာတရားကို မချီးကျူးဘဲမနေနိုင်ကြသလို အခြားဒေသမှ အတန်းတူကျောင်းသား၊ ကျောင်းသူများပင် စနစ်ကျပြည့်စုံလွန်းလှသည့်အခြေအနေများကို မြင်တွေ့ရာမှ စာမေးပွဲပြန်လည်ဖြေဆိုချင်စိတ်ဖြစ်အောင်ပင် အားကျနှစ်သက်လျက်ရှိလာသည်။

သို့ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုကို အဆုံးအဖြတ်ပေးမည့်ပြိုင်ပွဲတစ်ခုဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို ယခုတစ်ဖန်ပါဝင်ယှဉ်ပြိုင်ရာ၌ မီးလျှံထဲကဇာမဏီငှက်ကဲ့သို့ နဂိုအခြေအနေထက် သာလွန်စွာရှင်သန်တည်ဆောက်နိုင်အောင်၊ ဘဝရည်မှန်းချက်များပြည့်ဝလာအောင် ကျန်းမာအောင်နေထိုင်ကြပြီး ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် တက်အစုံဖွင့် ရွက်အကုန်လွှင့်၍ ရွှေရောင်အနာဂတ်ဆီသို့ခရီးနှင်ကြပါရန် အားပေးတိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ တက်ရောက်



မန္တလေး ဇွန် ၇

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိအားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြများ၊ အလှူရှင်များ၊ အားကစားနှင့်ပညာရေး ပေါင်းစပ်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀၀ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာကြံ့ခိုင်၍ အရည်အသွေးမြင့်မားသည့် ထူးချွန်သောလူငယ်အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်၊ မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ မြန်မာနိုင်ငံအနှံ့မှ လူငယ်မျိုးဆက်သစ် အားကစားသမားများရွေးချယ်၍ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးနေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပါသင်တန်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးအပ်သည့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်အိတ်များနှင့်ဆီများ၊ စေတနာ အလှူရှင် ၃၉ ဦးက လှူဒါန်းသော တန်ဖိုးငွေကျပ် ၅၉၄ဒသမ ၂ သိန်း တန်ဖိုးရှိ အလှူငွေများနှင့် အားကစားသင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များနှင့် သင်တန်းသား၊ သင်တန်းသူများကို နှုတ်ဆက်အားပေးစကားများ ပြောကြားပြီး ခင်းကျင်းပြသထားသည့် အားကစားနှင့် အထောက်အကူ ပစ္စည်းများ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်းသတင်းရရှိသည်။

**မျိုးကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ မနောသုခဆန် တင်းရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ မနောသုခဆန် အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာ ပါပါတယ်။ မနောသုခဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်အိတ်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော၊ လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား ပို့ရောင်းချနေပါတယ်''ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၈၈၅၀၀ စိုက်ပျိုးမည်

ယင်းမာပင် ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၈၈၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၀၃၀၀၊ ကနီမြို့နယ်တွင် ဧက ၁၅၃၉၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၀၈၀၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၂၂၀၁၀ စုစုပေါင်း ဧက ၈၈၅၀၀ တို့ဖြစ်ကြောင်း၊ အဆိုပါ ပဲစင်းငုံများကို ဇွန်လ ပထမပတ် မှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲစင်းငုံဧက ၈၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးသွားမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲစင်းငုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်ရာ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန က ကျိုက်ပဒိုင်လေး ကျေးရွာအုပ်စု ကျိုက်ပဒိုင်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ၁၄ ကြိမ်မြောက်ထုတ်ချေးခြင်းကို ဇွန် ၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၆၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျိုက်ပဒိုင်လေးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ ကို ငွေကျပ် သိန်း ၅၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကွယ်လွန်သူ ဒေါ်ခင်စောငြိမ်း၊ မနှင်းအေးခက်တို့ကို ရည်စူး၍ ပုသိမ်ကြီးမြို့နယ် နဗားရွာနေ ဦးထွန်းထွန်းနှင့်ညီအစ်ကိုမောင်နှမများက မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က လက်ခံရယူစဉ်။

# ဖောင်းပြင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနွေစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ဖောင်းပြင် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါးကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၂၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် မေလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၀ ဒသမ ၉၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

" ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ နွေစပါး ၆၂၀၈ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နွေစပါးစိုက်ခင်းတွေအခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိအောင် နည်းပညာပေးတာတွေ၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့တယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။



ဖောင်းပြင်မြို့နယ်တွင် နွေစပါးစိုက် တောင်သူများအနေဖြင့် တစ်ကေအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# တံတားဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘလဲ့ဘကျေးရွာနှင့်စစ်ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းအိဖြိုး၊ တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် မြို့နယ်စီမံကိန်း တာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၀ ဒသမ ၆ သန်းဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ကြရန်နှင့်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ နှင့် အခြားလုပ်ငန်းကိုင်သူ ၂၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ရွှေသောင်ယံကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၁၉၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၁၉၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသတစ်ခုဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ယခုနှစ် မေလအတွင်းက လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် ၁၉၂၄၃ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားအပန်းဖြေသူ အယောက် ၁၉၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပါတယ်။ လက်ရှိလဲ လာရောက်လည်ပတ်တဲ့သူတွေ များနေပါတယ်။ ကမ်းခြေကိုလာတဲ့ ခရီးသွားတွေထဲမှာ ညအိပ် လာရောက်လည်ပတ်တဲ့ဧည့်သည်တွေထက် နေ့ချင်းပြန်လာတဲ့ ဧည့်သည်တွေက ပိုများပါတယ်။ အပူရှိန်တွေပြင်းတော့ မေလထဲမှာလဲ ဧည့်သည်တွေများခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါ လာခဲ့ပါတယ်'' ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များအပါအဝင် ဟိုတယ်နှင့်တည်းခိုရိပ်သာ အလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့ လာသည့်ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးငှားလုပ်ငန်း၊ မော်တော်ဘုတ်ငှားလုပ်ငန်း၊ မြင်းငှားလုပ်ငန်း စသည့်လုပ်ငန်းများဖြင့်လည်း ခရီးသွားများအား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# လုပ်ငန်းကြံ့ခိုင်မှ အောင်မြင်တိုးတက်မည်

**မျိုးသူ(ကုန်သွယ်မြှင့်)**

လူတစ်ဦးသည် ကျန်းမာကြံ့ခိုင်ပါက အသက်ရှည်အနာမဲ့သည်ဟု နားလည်ကြသည်။ အလားတူပင် စက်ပစ္စည်းများတွင်လည်း တာရှည်ခံရေးသည် ကြံ့ခိုင်ရေးပင်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများတွင်လည်း ကြံ့ခိုင်ရေးကို တည်ဆောက်ရမည်ဖြစ်သည်။ လုပ်ငန်းကြံ့ခိုင်မှသာ အောင်မြင်တိုးတက်နိုင်သည်။ စီးပွားရေးလုပ်ငန်းတိုင်းတွင် လုပ်ငန်းလည်ပတ်မှုနှင့် ငွေကြေးလည်ပတ်မှု၊ လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ငွေကြေးစီမံခန့်ခွဲမှုတို့သည် ဆက်စပ်နေကြသည်။ ထို့အတူ ငွေကြေးကြံ့ခိုင်မှုနှင့် လုပ်ငန်းကြံ့ခိုင်မှုတို့သည်လည်း ဆက်စပ်နေသည်။ ငွေကြေးအများအပြား ရင်းနှီးမြှုပ်နှံနိုင်လျှင် ကြံ့ခိုင်သည်ဟုယူဆတတ်သော်လည်း လုပ်ငန်းငယ်များသည် ငွေကြေးရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ လုပ်နိုင်ကြသည်။ ထိုလုပ်ငန်းငယ်များကို ကြံ့ခိုင်သန်မာရန်အတွက် မည်သို့လုပ်ဆောင်မည်ဆိုသည်ကို သိနားလည်ထားရန်လိုအပ်မည်ဖြစ်သည်။

လုပ်ငန်းများကို ကြံ့ခိုင်သန်မာစေရေးအတွက် အခြေခံခိုင်မာရေးအဖြစ် ငွေကြေးစီမံခန့်ခွဲမှုကောင်းမွန်ရန်၊ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ရန်နှင့် ဈေးကွက်မဟာဗျူဟာများကို နားလည်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ငွေကြေးစီမံခန့်ခွဲမှုကောင်းမွန်ရန်ဆိုသည့်အချက်သည် ကုန်ကျစရိတ်များကို မကုန်သင့်ဘဲမကုန်စေရန် ထိန်းသိမ်းနိုင်ခြင်း၊ ဈေးနှုန်းကို ယှဉ်ပြိုင်ရောင်းချနိုင်ရန် စီစဉ်ခြင်းတို့သည် အရေးကြီးသောအချက်များဖြစ်သည်။ ကုန်ကျစရိတ်နှင့် ဝင်ငွေတို့ကိုလည်းကောင်း၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်များကိုလည်းကောင်း ကောင်းစွာချိန်ဆနိုင်ရန်လိုအပ်သည်။ ငွေကြေးအရင်းအနှီး နည်းပါးသည့်လုပ်ငန်းငယ်များအတွက် ကုန်ကျစရိတ်ကို တတ်နိုင်သမျှစိစစ်ခြင်း၊ ချွေတာခြင်းနှင့် အမြတ်သေချာစေခြင်းတို့သည် များစွာအရေးပါသည်။ နည်းနည်းနှင့် ထိရောက်အောင်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများ၊ ရောင်းချရေးဗျူဟာများတို့သည် အရေးပါနေကြသည်။ မည်သည့်ကိစ္စကိုမဆို အသေးအဖွဲ့ဟူ၍မရှိ အလေးအနက်ထားဆောင်ရွက်သွားရန် လိုအပ်သည်။ ငွေကြေးသုံးစွဲခြင်းများအားလုံးနှင့် လုပ်ငန်းကိစ္စအားလုံးကို သေချာစွာစနစ်တကျဆောင်ရွက်နိုင်ရန်မှာ လုပ်ငန်းငယ်များအတွက် အထူးအရေးပါသည်။ မလုပ်နိုင်ပါက လုပ်ငန်းများကျဆုံးသွားမည်ဖြစ်သည်။

အောင်မြင်နိုင်ရန်အတွက် လုပ်ငန်းကြံ့ခိုင်သန်မာရေးသည် မဖြစ်မနေလိုအပ်သည်။ ကြံ့ခိုင်သည်ဆိုသောအဓိပ္ပာယ်တွင် ဆုံးရှုံးမှုများနေမကောင်းမကျန်းမာဖြစ်သည့်အခါများတွင်လည်း ခံနိုင်ရည်ရှိပြီး ပြန်လည်၍ မူလအတိုင်းဖြစ်ရန်နှင့် တိုးတက်လာရန် အချိန်များစွာယူရန်မလိုဘဲ မြန်မြန်ဆန်ဆန်နှင့် ကောင်းမွန်လာနိုင်သည်ဟူသောအဓိပ္ပာယ်များပါဝင်သည်။ အလားတူပင် စီးပွားရေးလုပ်ငန်းများတွင်လည်း အခက်အခဲများ၊ အရှုံးများကို ကြုံရသည့်အခါတွင်လည်း မြန်မြန်ဆန်ဆန် အကောင်းအတိုင်း ပြန်ဖြစ်လာနိုင်သည့် ကြံ့ခိုင်သန်မာမှုမျိုးရှိရန် လိုအပ်သည်။ လက်တွေ့ဘဝတွင် လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ အခက်အခဲအမျိုးမျိုးကို ကြုံရတတ်သည်။ ထိုအခါမျိုးတွင် အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် မိမိလုပ်ငန်းသည် ကြိုတင်ပြင်ဆင်ထားမှုများ၊ ကြံ့ခိုင်သန်စွမ်းမှုများ ရှိပြီး ဖြစ်နေရန်လိုအပ်သည်။ ထို့ကြောင့် အရေးကြီးသောအချက်များကို ကြံ့ခိုင်သန်စွမ်းရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

**လူသားအရင်းအမြစ်များ**

မိမိလုပ်ငန်းနှင့်ဆက်စပ်နေသော လူပုဂ္ဂိုလ်များအားလုံးသည် အရေးကြီးသည်ဟု ဆိုနိုင်သည်။ ဖောက်သည်များသည် ပထမတန်းမှပါဝင်သော အရေးကြီးသူများဖြစ်သည်။ ဖောက်သည်များက မဝယ်ယူလျှင် မည်သည့်လုပ်ငန်းမှ ရှင်သန်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဖောက်သည်များသည် အရေးကြီးသည်။ ဖောက်သည်များသာ အရေးကြီးသည်မဟုတ်ဘဲ လုပ်ငန်းအတွင်းရှိ ဝန်ထမ်းများ၊ လုပ်သားများအားလုံးသည်လည်း အရေးကြီးပုဂ္ဂိုလ်များဖြစ်သည်ဟု လုပ်ငန်းရှင်မှ ခံယူထားရန်လိုအပ်သည်။ ထို့ပြင် လုပ်ငန်းခွင်အတွင်းသာမက အခြားဆက်စပ်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာများ၊ ဘဏ်များနှင့် ဘဏ်ဝန်ထမ်းများ၊ ကုန်သယ်ယာဉ်မောင်းနှင့် အခြားလုပ်ငန်းများမှ ပုဂ္ဂိုလ်များစသူတို့သည်လည်း သူ့နေရာနှင့်သူအရေးပါကြသည်။ အဆိုပါ လူပုဂ္ဂိုလ်များအားလုံးသည် မိမိလုပ်ငန်းကြံ့ခိုင်ရေးအတွက် အထောက်အကူများဖြစ်သည်ဟုဆိုနိုင်သည်။

လုပ်ငန်း အတွင်းမှ လုပ်သားနှင့်ဝန်ထမ်းများသည် လုပ်ငန်းကျွမ်းကျင်ရမည်၊ လုပ်ငန်းအတွက် ကောင်းစွာအထောက်အပံ့ပြုနိုင်ရမည်၊ လုပ်ငန်းရှင်သို့မဟုတ် မန်နေဂျာက အဆိုပါဝန်ထမ်းနှင့် လုပ်သားများကို လူမှန်၊ နေရာမှန် တာဝန်ချထားနိုင်လျှင် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မည်ဖြစ်သည်။ အလားတူပင် ဖောက်သည်ကောင်းများကို စဉ်ဆက်မပြတ်ရှာဖွေနိုင်လျှင် လုပ်ငန်းတိုးတက်မည်ဖြစ်သည်။ ပါဝင်သူများဟူသောအချက်တွင် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံမှုများ၊ ကတိကဝတ်များ၊ ဓလေ့ထုံးစံများ၊ အလေ့အထကောင်းများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်ကောင်းများ စသည့်အချက်များလည်း အကျုံးဝင်နေသည်။ ထို့ကြောင့် ပါဝင်သူများဆိုသည်မှာ ထိုသူများနှင့် ဆက်ဆံရောင်းဝယ်ရခြင်းများအားလုံးပါဝင်သည်။

> ❖လုပ်ငန်းများကို ကြံ့ခိုင်သန်မာစေရေးအတွက် အခြေခံခိုင်မာရေးအဖြစ် ငွေကြေးစီမံခန့်ခွဲမှုကောင်းမွန်ရန်၊ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ရန်နှင့် ဈေးကွက်မဟာဗျူဟာများကို နားလည်ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ငွေကြေးစီမံခန့်ခွဲမှုကောင်းမွန်ရန်ဆိုသည့်အချက်သည် ကုန်ကျစရိတ်များကို မကုန်သင့်ဘဲမကုန်စေရန် ထိန်းသိမ်းနိုင်ခြင်း၊ ဈေးနှုန်းကို ယှဉ်ပြိုင်ရောင်းချနိုင်ရန် စီစဉ်ခြင်းတို့သည် အရေးကြီးသောအချက်များဖြစ်သည်။ ကုန်ကျစရိတ်နှင့် ဝင်ငွေတို့ကိုလည်းကောင်း၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်များကိုလည်းကောင်း ကောင်းစွာချိန်ဆနိုင်ရန်လိုအပ်သည်။ ❖

**မဟာဗျူဟာ**

လုပ်ငန်းတိုးတက်ရေးအတွက် မဟာဗျူဟာချမှတ်ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ မဟာဗျူဟာချမှတ်ဆောင်ရွက်ရာတွင် မိမိတို့လုပ်ငန်း၏ မဟာဗျူဟာကို သေချာရေးဆွဲထားခြင်းဖြင့် လုပ်ငန်းအနေအထားကို ခန့်မှန်းနိုင်မည်ဖြစ်သည်။ ထိရောက်သောမဟာဗျူဟာတစ်ခုသည် ဈေးကွက်ဖော်ဆောင်မှုအပိုင်းကို ကောင်းစွာဆောင်ရွက်နိုင်သကဲ့သို့ လုပ်ငန်းခွင် အခွင့်အလမ်းများကိုလည်း ပြသနိုင်သည်ဟုဆိုသည်။ မဟာဗျူဟာတွင် လုပ်ငန်း၏နှစ်အလိုက် ရည်မှန်းချက်များ၊ ဦးတည်ချက်နှင့် ထုတ်လုပ်နိုင်၊ ရောင်းချနိုင်မည့်အခြေအနေများကိုပါ ကြိုတင်စဉ်းစားဆောင်ရွက်ရသည်ဖြစ်၍ လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် တွေ့ကြုံရမည့်အခက်အခဲနှင့် စိန်ခေါ်မှုများကိုပါ လေ့လာပြီးဖြစ်သွားနိုင်သည်။ ထို့ကြောင့် လုပ်ငန်း၏ မဟာဗျူဟာကို ကောင်းစွာချမှတ်သင့်သည်ဟု ဆိုရခြင်းဖြစ်သည်။

မဟာဗျူဟာချမှတ်သည့်အခါ တိကျသေချာသည့် ရည်မှန်းချက်တစ်ခုဖြစ်နေရန်လည်း လိုအပ်သည်။ အဆိုပါရည်မှန်းချက်သို့ ရောက်ရှိအောင်ဆောင်ရွက်မည့်နည်းဗျူဟာ၊ နည်းလမ်းများ၊ ဦးတည်ချက်များ၊ အကောင်အထည်ဖော်ရမည့်အချက်များကို လအလိုက်၊ နှစ်အလိုက် သေချာစွာချမှတ် အကောင်အထည်ဖော်ရန် လိုအပ်သည်။ လတစ်လချင်း၊ နှစ်တစ်နှစ်ချင်းလည်း ဦးတည်ချက်များ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်သည့်အခါတွင် အောင်မြင်သည်နှင့်အမျှ စိတ်ဓာတ်ခွန်အားကိုပါရရှိစေပြီး မူလမဟာဗျူဟာကို များစွာအထောက်အကူဖြစ်လာစေသည်။ ဈေးကွက်အတွင်းတွင်လည်း အောင်မြင်မှုများ တစ်ဆင့်ချင်းရရှိစေပြီး ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သကဲ့သို့ လုပ်ငန်း၏ကြံ့ခိုင်မှု၊ သန်စွမ်းမှုလည်း တိုးတက်လာမည်ဖြစ်သည်။

**အကောင်အထည်ဖော်ခြင်း**

ဤအပိုင်းသည် ချမှတ်ထားသော မဟာဗျူဟာ၊ နည်းဗျူဟာတို့ကို မှန်ကန်စွာ အကောင်အထည်ဖော်ခြင်းအပိုင်းဖြစ်သည်။ အကောင်အထည်ဖော်သည့်အပိုင်းတွင် ထိရောက်ထက်မြက်သော စီမံခန့်ခွဲသည့်အချက် ပါဝင်လာရမည်ဖြစ်သည်။ လုပ်ငန်းရှင်များအတွက် စီမံခန့်ခွဲမှုကျွမ်းကျင်သည်နှင့်အမျှ လုပ်ငန်းဆောင်ရွက်မှု၊ လူသားအရင်းအမြစ်များအပေါ် ကောင်းစွာပေါင်းသင်းဆက်ဆံနိုင်မှု၊ လုပ်ငန်းများကို ကောင်းစွာဆုံးဖြတ်ချက်ချနိုင်မှုနှင့် အငြင်းပွားမှုများကို ကောင်းစွာဖြေရှင်းနိုင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ချမှတ်ထားသော မဟာဗျူဟာနည်းဗျူဟာများနှင့်အညီ အတိုဆုံး၊ အဖြောင့်ဆုံးလုပ်ငန်းလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လုပ်ငန်းလမ်းကြောင်းကို အကောင်းဆုံးနှင့် အတိုဆုံးကို ရွေးချယ်ဆောင်ရွက်နိုင်ပါက အချိန်နှင့် ကုန်ကျစရိတ်အပိုင်းတွင်များစွာ သက်သာရာရနိုင်သကဲ့သို့ လုပ်ငန်းများကိုလည်း အချိန်တိုတိုနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်လာမည်ဖြစ်သည်။

ဦးတည်ချက်များကို မည်မျှကောင်းမွန်အောင် ချမှတ်ထားသော်လည်း နေ့စဉ်အကောင်အထည်ဖော်မှုအပိုင်းတွင် ဆုံးရှုံးမှုများ၊ အရှုံးများကို မကြာခဏ ရင်ဆိုင်နေရပါက လုပ်ငန်း၏ ကြံ့ခိုင်သန်စွမ်းမှုအပိုင်းကိုပါ ထိခိုက်လာမည်ဖြစ်သည်။ ဥပမာအားဖြင့် မကြာခဏ ဖျားနာခြင်း၊ နာစေး၊ ချောင်းဆိုးခြင်းများကို ကြုံတွေ့နေရပါက ကျန်းမာရေးနှင့် ကိုယ်ခံစွမ်းအားကို ထိခိုက်လာပြီး ရောဂါထူပြောလာမည်ဖြစ်သည်။ ထိုဥပမာကဲ့သို့ပင် နေ့စဉ်အကောင်အထည်ဖော်မှုများကိုလည်း ပေါ့ပေါ့ဆဆနှင့်မလုပ်ဘဲ သေချာစွာ အောင်မြင်အောင်၊ အချိန်မီပြီးစီးအောင် သတိပြုဆောင်ရွက်သင့်သည်။ Quick Win များရရှိမှုများလာခြင်းသည်လည်း လုပ်ငန်း၏ကြံ့ခိုင်သန်စွမ်းမှုအတွက် အားဆေးများဖြစ်လာပြီး ပိုမိုကြံ့ခိုင်သန်စွမ်းလာမည်ဖြစ်သည်။ အမှားနည်းသော လုပ်ငန်းခွင်နှင့် လုပ်ငန်းစဉ်ဖြစ်အောင်ကြိုးစားရန် လိုအပ်သည်။

နည်းပညာသုံး၍ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်။ နည်းပညာများတိုးတက်လာသည်ကို လိုက်မီအောင် ကြိုးစားပြီး မိမိလုပ်ငန်းတွင် နည်းပညာဖြင့်ယှဉ်တွဲပြီး လုပ်ကိုင်ခြင်းဖြင့် ပိုမိုကြံ့ခိုင်သန်စွမ်းသောလုပ်ငန်းကို ဖြစ်ထွန်းစေနိုင်သည်။ အွန်လိုင်းမှ ဈေးရောင်းခြင်းသည် အကုန်အကျသက်သက်သာသာနှင့် ဈေးကွက်ဖော်ဆောင်နိုင်သဖြင့် အရောင်းနှုန်းကို မြင့်တက်စေသည်။ ထို့အတူပင် ဈေးကွက်ဖော်ဆောင်မှုများ၊ ဈေးကွက်သစ်ဖော်ထုတ်မှုများတွင်လည်း နည်းပညာဖြင့် ယှဉ်တွဲဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိစေနိုင်သည်။ ယခုခေတ်သည် ဒီဂျစ်တယ်ခေတ်ဖြစ်သည်နှင့်အညီ မိမိလုပ်ငန်းကိုလည်း နည်းပညာပါဝင်သည့် လုပ်ငန်းဖြစ်အောင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

**ငွေကြေးစီမံခန့်ခွဲခြင်း**

ငွေကြေးစီမံခန့်ခွဲခြင်းသည်လည်း အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ အရင်းအနှီးနည်းနည်းဖြင့် လုပ်ငန်းစတင်ရတတ်သော်လည်း လုပ်ငန်းအောင်မြင်သည်နှင့်အမျှ ငွေကြေးလည်ပတ်မှုမြန်ဆန်လာပြီး လုပ်ငန်းလည်း ပိုမိုအောင်မြင်လာမည်ဖြစ်သည်။ ငွေကြေးလည်ပတ်မှုသည်မှန်ရာမှ မြန်မြန်လည်ပတ်နေရန်လိုအပ်သည်။ လုပ်ငန်းတိုးတက်လာသည်နှင့်အမျှ ငွေကြေးလည်ပတ်မှုသည် မြန်မြန်နှင့် ချောမွေ့စွာ လည်ပတ်နေရန်လိုအပ်သည်။ အချိန်သည် များစွာအရေးပါလာသည်ကို တွေ့နိုင်သည်။ အချိန်နှင့်အမျှ လုပ်ငန်းမှ ငွေစီးဆင်းလည်ပတ်မှု ရှိနေရန် လိုအပ်သည်။ သို့မှသာ လုပ်ငန်းသည် အောင်မြင်သည်ထက် အောင်မြင်လာမည်ဖြစ်သည်။ ငွေကြေးဆုံးရှုံးမှုများ၊ ငွေကြေးလည်ပတ်မှုနှေးခြင်း၊ ရပ်ခြင်းများသည် လုပ်ငန်းခွင်ကြံ့ခိုင်မှုကို လျော့နည်းစေသည်။ စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၆-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၈၄၈ ဧကထိ စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကန့်ဘလူ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၃၉၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၇၈၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ဧက ၈၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲတီစိမ်းဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာ တွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ထို့ကြောင့် ငွေအရင်းအနှီးနှင့် ကုန်ကျစရိတ်များကို သေချာစိစစ်ခြင်း၊ ရောင်းချခြင်းနှင့် ရောင်းရငွေများကို အရင်းအနှီးအဖြစ် ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်ရန် ဆောင်ရွက်ခြင်း စသည့်အချက်များကို သေချာစွာ အကောင်အထည်ဖော်ရန်လိုအပ်သည်။ ဝင်ငွေနှင့်ထွက်ငွေကို အစဉ်အမြဲစောင့်ကြည့်ပြီး စိစစ်နေရမည်ဖြစ်သည်။ ငွေသားပြတ်လပ်မှု မဖြစ်ရေးကိုလည်း ကြိုတင်စဉ်းစားပြင်ဆင်ထားရမည်။ မည်သည့်နေရာမှ ငွေကြေးလိုအပ်ချက်ကို ရရှိနိုင်မည်၊ ချေးငှားနိုင်မည်တို့ကိုလည်း ကြိုတင်ချိတ်ဆက်ထားသင့်သည်။ ထို့ပြင် ကုန်ကျစရိတ်ကိုလည်း ကုန်သင့်သည်ကိုသာ ကုန်ကျစေပြီး မလိုအပ်သော ကုန်ကျစရိတ်မျိုးကို လျှော့ချသွားရန်လိုအပ်သည်။ လုပ်ငန်းသည် အမြတ်အစွန်းအစဉ်အမြဲ ရရှိနေရန် လိုအပ်သည်။ လုပ်ငန်းချဲ့ထွင်ရန် လိုအပ်သည့်အခါတွင် လိုအပ်သည့်ငွေကြေးကိုသာ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်သင့်သည်။ အခွန်ဆိုင်ရာဥပဒေများကိုလိုက်နာပြီး အခွန်ကိစ္စများကို တိတိကျကျ ဆောင်ရွက်ရန်လည်း လိုအပ်သည်။

ဤအချက်လေးချက်အပြင် အခြားသောအချက်အလက်များသည်လည်း စွန့်ပစ်၍မရနိုင်ဘဲ ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် စွန့်စားမှုများကို စီမံခန့်ခွဲခြင်းမျိုးသည်လည်း လုပ်ငန်းကြံ့ခိုင်ရေးတွင် လိုအပ်သောအချက်တစ်ခုဖြစ်သည်။ လုပ်ငန်းတွင် တွေ့ကြုံရတတ်သည့် ငွေကြေး၊ ဘဏ္ဍာရေး၊ ဈေးကွက်ဖော်ဆောင်ရေးနှင့် မတော်တဆကြုံရတတ်သည့် လုပ်ငန်းအခက်အခဲများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်သည့်နည်းလမ်းများ ရှာကြံထားရန် လိုအပ်သည်။ ထို့ပြင် လုပ်ငန်းကြံ့ခိုင်သန်စွမ်းရေးတွင် Business Ethics ဟူသော စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ Corporate Social Responsibility –CSR ခေါ်သော လူမှုရေးတာဝန်ခံမှု၊ တာဝန်ယူမှုများသည်လည်း အရေးကြီးသည်ဟု နားလည်ထားရန် လိုအပ်သည်။ မည်သို့ဆိုစေကာမူ မိမိလုပ်ငန်းကို ကြံ့ခိုင်သန်စွမ်းနိုင်သမျှ ကြံ့ခိုင်နေရန် ဆောင်ရွက်ထားမှသာလျှင် အရေးကြုံသည့်အခါတွင် အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်သည်။ အကယ်၍ ဆုံးရှုံးမှုများနှင့် ကြုံရ သည့်အခါတွင်လည်း လျင်လျင်မြန်မြန် ပြန်လည်ထူထောင်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား**

– **baldwin CPAs’s One Minutes Read: 4 Pillars of Robust Business Growth.**

## ကျောင်းတော်ဖွင့်ချိန်

\- စိန်ပန်းတွေလည်း
ထိန်လျှမ်းပါပေါ့ ခါတော်မီ၊
ပွင့်ခက်တွေ တွဲရရွဲနဲ့
ရဲရဲနီနီ၊
မိုးဦးလည်း ရွာလေပြီ
မြန်မာရွှေပြည် နယ်အလုံး၊
တောတောင်တွေ အလှရည်လိမ်း
မြစိမ်းရောင်ဖုံး။

\- သည်ချိန်ဆို အပျော်ဆုံးပေါ့
မော်အပြုံးတွေနဲ့ ကျောင်းတော်ဝင်၊
ခေါင်းလောင်းသံ အပြေးပ
တေးသဖို့ပြင်၊
ကျောင်းအပ်ကြ စုံစုံလင်
ခုံမင်ဖွယ် ပညာရေး၊
ကျောင်းတော်ပင်မှာ ဖြူ စိမ်း ပန်းတို့
လန်းပွင့်ပြီလေး။

\- စာအံသံ တစာစာကြွေးလို့
ကဗျာတေးတွေနဲ့ ကကြမည်၊
တစ်တန်းကုန် တစ်တန်းတက်လို့
ဂဏန်းအတွက် စုံညီ၊
ငါတို့ရဲ့ ကျောင်းတော်ဆီ
ပေါင်းဖော်ညီပေါ့ သည်ကာလ၊
မင်္ဂလာပါ ဂီတတေး
သီကြကြွေးကြ။

\- မြန်မာတွေ ပညာတတ်ကြလို့
အနာဂတ်ဘဝ မြင့်မားဖွယ်၊
ကျောင်းတော်တွေ ဝင့်အလှနဲ့
ဖွင့်ကြပေါ့ကွယ်၊
သွားကြစို့ မောင်မယ်
အမှောင်ပယ်တဲ့ ကျောင်းတော်နန်း၊
တူညီဝတ်စုံ အဖြူ အစိမ်းတွေနဲ့
အတူငြိမ်းစွာ အားတရပေါ့၊
သားအလှစုံ နန်းအပြည့်မှာ
သွားကြပုံ လှမ်းအတွေ့၊
အိုကွယ်…
ချမ်းမြေ့ရွှင်လန်း။ ။

**လွှမ်းလေးကို(သရက်)**

## နိုင်ငံတကာ သတင်းများ

# ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရန် အိန္ဒိယဝန်ကြီးချုပ်ကို ကနေဒါဝန်ကြီးချုပ်ဖိတ်ကြား

**အော့တဝါ ဇွန် ၇**

ယခုနှစ်ဂျီ-၇ အုပ်စု ထိပ်သီးညီလာခံတက်ရောက်ရန် ကနေဒါဝန်ကြီးချုပ်မာ့ခ်ကာနေးကအိန္ဒိယဝန်ကြီးချုပ် မိုဒီကို ဖိတ်ကြားထားကြောင်း ဇွန် ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် ဇွန် ၆ ရက်က ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် အိန္ဒိယဝန်ကြီးချုပ်ကို ကနေဒါဝန်ကြီးချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဂျီ-၇ ထိပ်သီးညီလာခံကို ကနေဒါနိုင်ငံ အယ်လ်ဘာတာပြည်နယ် ကာနာနာစကစ်မြို့၌ ကျင်းပရန် ကနေဒါနိုင်ငံက စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံသည် ဂျီ-၇အုပ်စုဝင်နိုင်ငံမဟုတ်သော်လည်း ဂျီ-၇ အုပ်စု၏ နှစ်စဉ်ထိပ်သီးညီလာခံများ၌ လေ့လာသူအဖြစ် ဖိတ်ကြားခံရလေ့ရှိသည်။

ကနေဒါနိုင်ငံ၌ ဆစ်ခ်ခွဲထွက်ရေးဝါဒီ ခေါင်းဆောင်တစ်ဦး အသတ်ခံရမှုနှင့် ပတ်သက်၍ ကနေဒါနှင့် အိန္ဒိယတို့ကြားဆက်ဆံရေးတင်းမာနေချိန်တွင် ဂျီ-၇ အုပ်စုထိပ်သီးညီလာခံတက်ရောက်ရန် အိန္ဒိယဝန်ကြီးချုပ်ကို ကနေဒါဝန်ကြီးချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ဂျီ-၇အုပ်စုကို ကနေဒါ၊ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO




# တုန်ဖန်-၅ တိုက်ချင်းပစ်ဒုံးကျည်၏ အသေးစိတ်အချက်အလက်များ ပေါ်ထွက်လာ

**ပေကျင်း ဇွန် ၇**

တရုတ်တပ်မတော်၏ မဟာဗျူဟာမြောက် တိုက်ချင်းပစ်ဒုံးကျည် အမျိုးအစားဖြစ်သည့် တုန်ဖန်-၅ တိုက်ချင်းပစ်ဒုံးကျည်များ၏အသေးစိတ်အချက်အလက်များကို တရုတ်နိုင်ငံပိုင်မီဒီယာများက ဇွန် ၆ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

တုန်ဖန်-၅ တိုက်ချင်းပစ်ဒုံးကျည်များသည် အကွာအဝေးကီလိုမီတာ ၁၂၀၀၀ (၇၄၆၀ မိုင်) ထိပျံသန်းနိုင်ရာ အမေရိကန်နိုင်ငံနှင့် အနောက်ဥရောပထိ ရောက်ရှိနိုင်ကြောင်း တရုတ်မီဒီယာများက ရေးသားဖော်ပြထားသည်။

ထို့ပြင် တုန်ဖန်-၅ ဒုံးကျည်၏ ပစ်မှတ်ထိမှန်မှုမှာ ပစ်မှတ်၏ မီတာ ၅၀၀ အဝန်းအဝိုင်းထိ တိကျမှုရှိကြောင်း သိရသည်။

တုန်ဖန်-၅ တိုက်ချင်းပစ် ဒုံးကျည်သည် နျူကလီးယား ထိပ်ဖူးတစ်ခုသာ သယ်ဆောင်ထားသော်လည်း ယင်းထိပ်ဖူး၏ ပေါက်ကွဲအားမှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ နာဂါဆာကီနှင့် ဟီရိုရှီးမားမြို့များအပေါ် အမေရိကန်လေတပ် ကြဲချခဲ့သော အဏုမြူဗုံးများထက် အဆပေါင်း ၂၀၀ ပြင်းထန်ကြောင်းလည်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် ၎င်း၏ နျူကလီးယားအစီအစဉ် အထူးသဖြင့် မဟာဗျူဟာမြောက် နျူကလီးယား လက်နက်များ၏ အဓိက အသေးစိတ်အချက်အလက်များကို ပုံမှန်အားဖြင့် အထူးလျှို့ဝှက်ထားတတ်သည်။

တရုတ်နိုင်ငံသည် တုန်ဖန်-၅ တိုက်ချင်းပစ် ဒုံးကျည်များကို ၁၉၇၀ ပြည့်နှစ်အတွင်း စတင် တည်ဆောက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် စစ်ရေးအရ စတင်ဖြန့်ကြက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်-အမေရိကန် နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲ လန်ဒန်မြို့၌ ဇွန် ၉ ရက်တွင် ကျင်းပမည်



**ဝါရှင်တန် ဇွန် ၇**

တရုတ်နှင့်အမေရိကန်ထိပ်တန်း တာဝန်ရှိသူများသည် နှစ်နိုင်ငံ ကုန်သွယ်ရေး ပြဿနာများကို ဖြေရှင်းရေးအတွက် လန်ဒန်မြို့၌ ဇွန် ၉ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

ဇွန် ၉ ရက် လန်ဒန်ဆွေးနွေးပွဲတွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးစကော့ဘက်ဆန့်၊ကုန်သွယ်ရေးဝန်ကြီး ဟိုးဝပ်လပ်နစ်ခ်နှင့် ကုန်သွယ်ရေးကိုယ်စားလှယ် ဂျမီဆန်ဂရီအာတို့က အမေရိကန်နိုင်ငံကို ကိုယ်စားပြုပါဝင်မည်ဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်တွင် လန်ဒန်ဆွေးနွေးပွဲသို့ တရုတ်နိုင်ငံကို ကိုယ်စားပြုတက်ရောက်မည့် တာဝန်ရှိသူများကို မသိရသေးကြောင်း သိရသည်။

လန်ဒန်မြို့၌ တရုတ်-အမေရိကန် ကုန်သွယ်ရေးဆွေးနွေးပွဲ ကျင်းပမည့်အစီအစဉ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၎င်း၏လူမှုမီဒီယာစာမျက်နှာပေါ်၌ အတည်ပြုကြေညာထားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဇွန် ၅ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီးနောက် တရုတ်-အမေရိကန် နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲများ လန်ဒန်၌ကျင်းပမည့်သတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်-အမေရိကန် ကုန်သွယ်ရေးဆွေးနွေးပွဲကျင်းပမည့်သတင်းနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံရုံးက တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်းမရှိခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ဘင်္ဂလားဒေ့ရှ်အမျိုးသားရွေးကောက်ပွဲကို ၂၀၂၆ ခုနှစ် ဧပြီလအတွင်း ကျင်းပမည်

**ဒါကာ ဇွန် ၇**

ဘင်္ဂလားဒေ့ရှ်အမျိုးသားရွေးကောက်ပွဲကို ၂၀၂၆ ခုနှစ် ဧပြီလ ပထမလဝက်အတွင်း ကျင်းပမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရအဖွဲ့ခေါင်းဆောင် မူဟာမက်ယူနွတ်က ဇွန် ၆ ရက်တွင် ကြေညာထားသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့်အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကြောင့် ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာစီနာ အိန္ဒိယသို့ ထွက်ပြေးခဲ့ရပြီးနောက် လူဦးရေ ၁၇၃ သန်းရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မူဟာမက်ယူနွတ် ဦးဆောင်သည့်အိမ်စောင့်အစိုးရအဖွဲ့က ဆက်လက်ဦးဆောင်ခဲ့ရသည်။

မိမိအနေဖြင့် အမျိုးသားရွေးကောက်ပွဲသစ်ကို ၂၀၂၆ ခုနှစ် ဧပြီလပထမလဝက်အတွင်း ကျင်းပပေးရန် ဆုံးဖြတ်ထားကြောင်း အိမ်စောင့်အစိုးရအဖွဲ့ခေါင်းဆောင် မူဟာမက်ယူနွတ်က ပြောကြားခဲ့သည်။

အဆိုပါရွေးကောက်အတွက် ရေးဆွဲထားသော လမ်းပြမြေပုံအသေးစိတ်ကို ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲကော်မရှင်က သင့်လျော်သည့်အချိန်တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း မူဟာမက်ယူနွတ်၏ကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ(ဘီအင်န်ပီ) ပါတီအပါအဝင် အတိုက်အခံ အင်အားစုများက အမျိုးသားရွေးကောက်ပွဲကို ယခုနှစ်ဒီဇင်ဘာလတွင် ကျင်းပပေးရန် တောင်းဆိုထားသည်။

ယခုနှစ် ဒီဇင်ဘာလတွင် အမျိုးသားရွေးကောက်ပွဲ မကျင်းပခဲ့ပါက နိုင်ငံရေးမငြိမ်သက်မှုများ၊ ပြည်သူတို့၏ မကျေနပ်မှုများ ပေါ်ထွက်လာနိုင်သည်ဟု အတိုက်အခံအင်အားစုများက အိမ်စောင့်အစိုးရကို သတိပေးထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ထိုင်းနှင့် ကမ္ဘောဒီးယားနယ်စပ်တစ်လျှောက် စစ်အင်အားများ အပြန်အလှန်မြှင့်တင်

**ဗန်ကောက် ဇွန် ၇**

နှစ်နိုင်ငံနယ်စပ် တစ်လျှောက်၌ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က စစ်အင်အားများဖြည့်တင်းနေကြကြောင်း ယနေ့ သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံက နယ်စပ်တစ်လျှောက် စစ်အင်အားမြှင့်တင်ခဲ့ပြီးနောက် ထိုင်းနိုင်ငံအနေဖြင့်လည်း နယ်စပ်တစ်လျှောက် စစ်အင်အားကို ဖြည့်တင်းထားကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး ဝီချာယာချိုင်က ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

ပြီးခဲ့သည့် မေ ၂၈ ရက်က ပိုင်ဆိုင်ခွင့်အငြင်းပွား နယ်စပ်တစ်နေရာ၌ ထိုင်းနှင့်ကမ္ဘောဒီးယား တပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် နယ်စပ်တစ်လျှောက်စစ်အင်အားများကို ထိုင်းနှင့် ကမ္ဘောဒီးယားတို့က မြှင့်တင်နေကြခြင်းဖြစ်သည်။



ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များနှင့်အရပ်သားများက ထိုင်းနယ်မြေများအတွင်းသို့ မကြာခဏ ကျူးကျော်ဝင်ရောက်မှု၊ နယ်စပ်တစ်လျှောက် စစ်အင်အားမြှင့်တင်နေမှုများသည် နယ်စပ်ပြဿနာများအတွက် အင်အားသုံးရန် ကမ္ဘောဒီးယားနိုင်ငံက ရည်ရွယ်ထားမှုကို ရှင်းရှင်းလင်းလင်းပြသနေကြောင်း ထိုင်းတပ်မတော်က ယနေ့တွင် ထုတ်ပြန်ထားသည့် ကြေညာချက်၌ ဖော်ပြထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့ အနေဖြင့် နယ်စပ်တစ်လျှောက်၌ စစ်အင်အား မြှင့်တင်မှုများအား မည်မျှအတိုင်းအတာထိ မြှင့်တင်ထားသည်ကို မသိရသေးကြောင်း သိရသည်။

နယ်စပ်တစ်လျှောက် စစ်အင်အား မြှင့်တင်ထားမှုနှင့်ပတ်သက်၍ ထိုင်းကာကွယ်ရေးဝန်ကြီး၏ပြောကြားချက်ကို ကမ္ဘောဒီးယားအစိုးရက တစ်စုံတစ်ရာ တုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Resilience လဆင်းယာဉ်သည် ဇွန် ၅ ရက်တွင် လမျက်နှာပြင်ပေါ်သို့ဆင်းသက်ရန်ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့



တိုကျို ဇွန် ၇

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီ၏ Resilience လဆင်းယာဉ်သည် ဇွန် ၅ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

Resilience လဆင်းယာဉ်သည် ဇွန် ၅ ရက်တွင် လကမ္ဘာ တောင်ဝင်ရိုးစွန်း မာရီဖရီဂိုးစ်နယ်မြေပေါ်သို့ ဆင်းသက်ရန် ကြိုးပမ်းခဲ့သော်လည်း ပျက်ကျခဲ့ဖွယ်ရှိသည်ဟု အိုင်စပေ့စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သို့ရာတွင် Resilience လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်မရောက်မီ တစ်မိနစ်နှင့် ၄၅ စက္ကန့်အလိုတွင် မြေပြင်နှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း သိရသည်။

Resilience လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ချိန်တွင် လေဆာအကွာအဝေး တိုင်းတာရေးစနစ်ပြဿနာတစ်ရပ်ကြောင့် ပျက်ကျခဲ့ဖွယ်ရှိကြောင်း အိုင်စပေ့စ်ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြကြောင်း သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် Resilience လဆင်းယာဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အိုင်စပေ့စ်ကုမ္ပဏီ၏ ပထမဆုံး ဟာကူတို-အာရ် ၁ လဆင်းယာဉ်သည် ၂၀၂၃ ခုနှစ် မတ်လအတွင်း လပေါ်သို့ဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နေနှင့်ဖွဲ့စည်းပုံချင်းနီးစပ်သော သက်နုကြယ်တစ်စင်း၏ဝန်းကျင်၌ ရေခဲမှုန်များတည်ရှိနေမှုကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိ

ဝါရှင်တန် ဇွန် ၇

နေနှင့်ဖွဲ့စည်းပုံချင်း နီးစပ်သော သက်နုကြယ်တစ်စင်း၏ ဝန်းကျင်၌ ရေခဲမှုန်များတည်ရှိနေမှုကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိထားကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

HD 181327 အမည်ရှိကြယ်၏ ဝန်းကျင်၌ရှိနေသော ရေခဲမှုန်များကို ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်ဖြင့် အမေရိကန် သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

HD 181327 ကြယ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၅၅ နှစ်အကွာတွင်တည်ရှိသော သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၃ သန်း သာရှိနေသည့် သက်နုကြယ်တစ်စင်းဖြစ်သည်။



HD 181327 ကြယ်ဝန်းကျင်ရှိ ရေခဲမှုန်များသည် စနေဂြိုဟ် ခါးပတ်ကွင်းများနှင့် ကွိုက်ပါခါးပတ်ကွင်းအတွင်းရှိ ရေခဲမှုန်များနှင့် တူညီမှုရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

HD 181327 ကြယ်ဝန်းကျင်ရှိ ရေခဲမှုန်များကို ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်၏ NIRSpec အမည်ရှိ စူးစမ်းလေ့လာရေး စနစ်ဖြင့် ထောက်လှမ်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

HD 181327 သက်နုကြယ်ဝန်းကျင်၌ ရေခဲမှုန်များတွေ့ရှိမှုသည် နေအဖွဲ့အစည်း စတင်ဖြစ်ပေါ်ခါစကာလက နေ၏ဝန်းကျင်တွင် ရေခဲမှုန်များရှိခဲ့သည်ဟူသော သီအိုရီကိုထောက်ခံနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ ဖလိုင်းအိုင်းဂြိုဟ်သိမ်ရှာဖွေရေး ရေဒီယိုတယ်လီစကုပ်က ကောင်းကင်ယံကို စတင်ထောက်လှမ်းနေပြီဖြစ်

ဝါရှင်တန် ဇွန် ၇

ဥရောပအာကာသအေဂျင်စီ (ESA) ၏ ဖလိုင်းအိုင်းဂြိုဟ်သိမ်ရှာဖွေရေးရေဒီယိုတယ်လီစကုပ်သည် ကောင်းကင်ယံကို စတင်ထောက်လှမ်းနေပြီဖြစ်ကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ဖလိုင်းအိုင်းရေဒီယိုတယ်လီစကုပ်ကို အင်းဆက်တစ်မျိုး၏ မျက်လုံးဖွဲ့စည်းပုံကို စံပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဖလိုင်းအိုင်းရေဒီယိုတယ်လီစကုပ်ကို အီတလီနိုင်ငံ နေပယ်မြို့အရှေ့ဘက် မိုင် ၁၆၀ အကွာရှိ အီတလီ အာကာသအေဂျင်စီ၏ အာကာသ တိုင်းတာရေးဌာန၌ တည်ဆောက် ထားခြင်းဖြစ်ကြောင်း သိရသည်။

ဖလိုင်းအိုင်း ရေဒီယိုတယ်လီစကုပ်သည် ညစဉ်ညတိုင်း လူသားများ၏ အကူအညီမပါဘဲ အလိုအလျောက်စနစ်များဖြင့်ကမ္ဘာကို အန္တရာယ်ပေးနိုင်မည့် ဂြိုဟ်သိမ်များကို ရှာဖွေထောက်လှမ်းပေးမည်ဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် တောင်ယာဉ်စွန်းတန်းဒေသနှင့် မြောက်ယာဉ်စွန်းတန်းဒေသများ၌ ဖလိုင်းအိုင်းရေဒီယိုတယ်လီစကုပ် လေးခုထပ် တည်ဆောက်ရန် စီစဉ်ထားသည်။

ဖလိုင်းအိုင်းရေဒီယိုတယ်လီစကုပ်ကွန်ရက်သည် ကမ္ဘာမြေအတွက် ဂြိုဟ်သိမ်အန္တရာယ်သတိပေး ကာကွယ်ရေးစနစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## စိတ်ကျဝေဒနာဆေးများ သုံးစွဲရမှုကြောင့် Motor Neurone ဖြစ်နိုင်ခြေမြင့်မားလာနိုင်

စတော့ဟုမ်း ဇွန် ၇

အသုံးပြုမှုများသည့် စိတ်ကျဝေဒနာဆေးများကြောင့် Motor Neurone Disease ခေါ် အာရုံကြောရောဂါတစ်မျိုးဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၆ ရက်တွင် ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျရောဂါဆေးဝါးများကြောင့် Motor Neurone အာရုံကြောရောဂါဖြစ်နိုင်ခြေမှာ ၃၄ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း၊ ထို့ပြင် စိုးရိမ်သောကများမှဖြစ်ပေါ်လာသော စိတ်ရောဂါဝေဒနာကိုကုသရာတွင် အသုံးပြုသောဆေးများနှင့်အိပ်ဆေးများကြောင့်လည်း Motor Neurone အာရုံကြောရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Motor Neurone အာရုံကြောရောဂါ အမျိုးအစားများအနက် အဖြစ်အများဆုံးရောဂါမှာ Amyotrophic Lateral Sclerosis (ALS) ရောဂါဖြစ်ကြောင်း၊ သို့ရာတွင် စိတ်ကျဝေဒနာ ဆေးဝါးများနှင့် Motor Neurone အာရုံကြောရောဂါတို့ကြား ဆက်စပ်မှုရှိသော်လည်း မည်သို့မည်ပုံ ဆက်စပ်နေသည်ကို လေ့လာဆဲဖြစ်ကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၂ နှစ်ရှိ Motor Neurone ရောဂါခံစားနေရသူ တစ်ထောင်ကျော်ကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**

## ကယ်လိုရီပါဝင်မှုနည်းသည့် အစားအစာများက စားသုံးသူများကို စိတ်ကျရောဂါဖြစ်ပွားနိုင်

အော့တဝါ ဇွန် ၇

ကယ်လိုရီပါဝင်မှုကို နည်းပါးသော အစားအစာများစားသုံးပါက စိတ်ကျရောဂါဖြစ်နိုင်ခြေ မြင့်တက် လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇွန် ၆ ရက်တွင် ပြောကြားသည်။

ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကယ်လိုရီနည်းပါးသည့် အစားအစာများကို စားသုံးနေသူများမှာ အထက်ပါဓာတ်စာမျိုး မစားသုံးသူများနှင့်နှိုင်းယှဉ်ပါက စိတ်ကျရောဂါလက္ခဏာ ပေါ်လာနိုင်ခြေပိုမြင့်မားကြောင်း သိရသည်။

အထူးသဖြင့် ကိုယ်အလေးချိန်လွန်ကဲသူများနှင့် အမျိုးသားများမှာ ကယ်လိုရီပါဝင်မှု နည်းပါးသည့် အစားအစာများကြောင့် စိတ်ကျဝေဒနာဖြစ်နိုင်ခြေ မြင့်မားကြောင်း ကနေဒါသုတေသန ပညာရှင်များက ပြောကြားသည်။

ကယ်လိုရီဖြတ်တောက်ထားမှုကြောင့် စိတ်အခြေအနေကို ဟန်ချက် ထိန်းပေးထားနိုင်ရန် ဦးနှောက်အတွက် လိုအပ်သည့် အာဟာရဓာတ်များလည်း ပြတ်လပ်သွားနိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကယ်လိုရီပါဝင်မှုနည်းသည့် အစားအစာများမှာ စိတ်ကျရောဂါလက္ခဏာများ ဖြစ်ပွားမှုနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း၊ ကနေဒါ သုတေသန ပညာရှင်များသည် လူပေါင်း ၂၈၅၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ အီတလီကစားသမား ဂျန်နစ်ခ်ဆင်နာတက်ရောက်

ပဲရစ် ဇွန် ၇

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် နိုင်ခြေအဆင့် (၁) သတ်မှတ်ခံရသည့် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ် ဆင်နာနှင့် ဆားဘီးယားတင်းနစ် ကစားသမား ဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၄၊ ၇-၅၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ဂရန်းစလန်း ဆုဖလားတစ်လုံး ထပ်မံဆွတ်ခူးလိုသည့်အတွက် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ရရှိရန် ပစ်မှတ်ထားခဲ့သော်လည်း ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာအား ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့သည့်အတွက် ဆီမီးဖိုင်နယ် အဆင့်ဖြင့်ပင် ကျေနပ်ခဲ့ရသည်။

ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား သုံးကြိမ်တိုင်တိုင် ရရှိထားသည့် ဂျိုကိုဗစ်အား အနိုင်ရရှိခဲ့ပြီးနောက် ဂျန်နစ်ခ်ဆင်နာအနေဖြင့် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ကာ ဂရန်းစလန်း ချန်ပီယံဆုဖလားအတွက် မျှော်လင့်နိုင်တော့မည် ဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "ကျွန်တော့်ရဲ့အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့ပြီ။ ဂျိုကိုဗစ်နဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ဆုံတွေ့ရမယ်ဆိုတော့ တော်တော်လေးကို စိတ်လှုပ်ရှားမိပါတယ်။ နောက်ပြီးတော့ အရေးကြီးတဲ့ပွဲစဉ်လဲဖြစ်တဲ့အတွက် ကျွန်တော့်မှာရှိတဲ့ အကောင်းဆုံးစွမ်းဆောင်ရည်တွေကိုပြသနိုင်ဖို့ လိုအပ်တယ်လို့ ယုံကြည်ထားတယ်။ ဂျိုကိုဗစ်နဲ့ ကစားတိုင်း အမြဲတမ်းအခက်တွေ့ခဲ့ရတယ်။ အခုဒီပွဲစဉ်မှာလဲ တော်တော်လေးကို ခက်ခက်ခဲခဲ ကစားခဲ့ရတာပါ။ ကံကောင်းစွာနဲ့ ကျွန်တော်အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဗိုလ်လုပွဲ အဆင့်တွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ဘာစီလိုနာအသင်းက လာမည့်ဘောလုံးရာသီအစ သုံးပွဲဆက်ကို အဝေးကွင်းပွဲစဉ်များအဖြစ် ကစားသွားမည်



ဘာစီလိုနာ ဇွန် ၇

ဘာစီလိုနာအသင်းက လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ရာသီအစ ပွဲစဉ်သုံးပွဲကို အဝေးကွင်းပွဲစဉ်အဖြစ် ကစားခွင့်ပေးရန်အတွက် တောင်းဆိုခဲ့ရာ စပိန်လာလီဂါအဖွဲ့ချုပ်က ခွင့်ပြုပေးခဲ့သည့်အတွက် ရာသီအစ ပွဲစဉ်သုံးပွဲဆက်ကို အဝေးကွင်းပွဲစဉ်အဖြစ် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် အသင်းအိမ်ကွင်းဖြစ်သည့် နူးကမ့်ကစားကွင်းကို စတာလင်ပေါင် တစ်ဘီလီယံထိ အကုန်ကျခံတည်ဆောက်လျက်ရှိနေပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အိမ်ကွင်းပွဲစဉ်များကို အိမ်ကွင်း နူးကမ့်ကစားကွင်း၌ မကစားနိုင်ခဲ့ဘဲ အိမ်ကွင်းပွဲစဉ်များကို အိုလံပစ် အားကစားကွင်းတွင် ကစားခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်း၏ အိမ်ကွင်း နူးကမ့်ကစားကွင်းမှာ မကြာမီအပြီးသတ်နိုင်မည်ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းက လာမည့်ဘောလုံးရာသီတွင် အိမ်ကွင်းပွဲစဉ်များကို နူးကမ့်ကစားကွင်းတွင် ပြန်လည်ကစားသွားမည် ဖြစ်သော်လည်း ရာသီအစပိုင်းတွင် နူးကမ့်အားကစားကွင်း၏ လုံခြုံရေးပိုင်းနှင့်ပတ်သက်ပြီး အသေးစိတ် စစ်ဆေးမှုများ လုပ်ဆောင်ရန်လိုအပ်နေသေးသည့်အတွက် ရာသီအစ ပွဲစဉ်သုံးပွဲကို အဝေးကွင်းပွဲစဉ်တွင် ကစားသွားမည် ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် လာမည့်ဩဂုတ်လအတွင်း အိမ်ကွင်း နူးကမ့်ကစားကွင်းကို အသုံးပြုဦးမည်မဟုတ်ဘဲ စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် စက်တင်ဘာလအတွင်း ကစားမည့်ပွဲစဉ်များမှသာ အိမ်ကွင်း နူးကမ့်ကစားကွင်းတွင် ကစားသွားမည်ဖြစ်ပြီး ဥရောပဘောလုံး အဖွဲ့ချုပ်၏ စစ်ဆေးမှုများ လုပ်ဆောင်ပြီးပါက ချန်ပီယံလိဂ်ပြိုင်ပွဲ အိမ်ကွင်းပွဲစဉ်များကို နူးကမ့်ကစားကွင်း၌ ပြန်လည် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# WBO လိုက်ဝိတ်တန်းမှ ကီးရှောင်ဒါဗစ်နှင့် ဆန်းတို့စ်တို့ ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအား ဖျက်သိမ်းကြောင်း WBO အဖွဲ့ချုပ် ထုတ်ပြန်

ဗာဂျီးနီးယား ဇွန် ၇

WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား ကီးရှောင်ဒါဗစ်နှင့် စိန်ခေါ်သူ ဒိုမီနီကန်ရီပါပလစ် လက်ဝှေ့သမားဆန်းတို့စ်တို့ ဗာဂျီးနီးယားပြည်နယ်တွင် ယနေ့၌ ထိုးသတ်သွားရန် စီစဉ်ခဲ့သော်လည်း ပွဲစဉ်အားဖျက်သိမ်းလိုက်ရကြောင်း WBO အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

စိန်ခေါ်ပွဲအတွက် ဇွန် ၆ ရက်တွင် ကိုယ်အလေးချိန်တိုင်းတာရာတွင် လက်ရှိချန်ပီယံ ကီးရှောင်ဒါဗစ်သည် သတ်မှတ်ကိုယ်အလေးချိန်ပမာဏထက် ၄ ဒသမ ၃ ပေါင် ကျော်လွန်နေသည့်အတွက် စည်းမျဉ်းဖြင့် ကိုက်ညီမှုမရှိသည့်အတွက်ကြောင့် စိန်ခေါ်ပွဲအား ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ကီးရှောင်ဒါဗစ် အနေဖြင့် သတ်မှတ် ကိုယ်အလေးချိန် အတွင်းဝင်အောင် လေ့ကျင့်ပြင်ဆင်နိုင်ခြင်း မရှိသည့်အတွက် စည်းမျဉ်းအရ WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကိုပါ စွန့်လွှတ်ရတော့မည် ဖြစ်သည်။

ကီးရှောင်ဒါဗစ်၏ အခြေအနေကြောင့် WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံနေရာ လစ်လပ်သွားပြီဖြစ်ပြီး စိန်ခေါ်ခွင့်ရှိသူနှင့် ဆန်းတို့စ်တို့ ထိုးသတ်သွားရမည်ဖြစ်သည်။

ယင်းအတွက် ဆန်းတို့စ်ဖြင့် ထိုးသတ်သွားမည့် ပြိုင်ဘက်ကို WBO အဖွဲ့ချုပ်က ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ပြိုင်ဘက်ရွေးချယ်ပြီးပါက ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ဝက်စ်ဟမ်းအသင်းက နိုက်အသင်းခံစစ်ကစားသမား တော့ဒ်ဘိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၂ ဒသမ ၈ သန်းဖြင့် အပြီးသတ်ခေါ်ယူ၍ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဂိုးသမား ကယ်လာဟာကို စတာလင်ပေါင် ၁၈ သန်းဖြင့် ဘရန့်ဖို့ဒ်အသင်းသို့ ရောင်းချခဲ့သည့် လီဗာပူးအသင်းက ၎င်းနေရာတွင်အစားထိုးရန်အတွက် ဟန်ဂေရီကလပ် အကယ်ဒမီယာ အသင်းမှ အသက် ၂၀ ရှိ ဂိုးသမား ပက်စီကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- နော်တင်ဟမ်အသင်းက တိုက်စစ်မှူး အေရွန်နီရီသည် လက်စတာအသင်းနှင့်ပွဲစဉ်တွင် ထိခိုက်မိသည့်ဒဏ်ရာကြောင့် ကိုးမားဝေဒနာခံစားခဲ့ရသည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လာမည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အလိုအလျောက်လူကျွံဖမ်းသည့်နည်းစနစ်ကို အဆင့်မြှင့်တင်၍ စမ်းသပ်အသုံးပြုမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။ ML

# ကာကက်ဇ်ကိုခေါ်ယူရန် သဘောတူညီမှုရခဲ့သော်လည်း ပြောင်းရွှေ့ကြေး ညှိနှိုင်းမရသေးကြောင်း လီဗာပူးပြောကြား



လန်ဒန် ဇွန် ၇

လီဗာပူးအသင်းသည် ဘုန်းမောက်အသင်း ခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမား ကာကက်ဇ်ကိုခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှုရခဲ့သော်လည်း လက်ရှိအချိန်ထိ ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေသဖြင့် ခေါ်ယူရန်ခက်ခဲနေကြောင်း ပြောကြားခဲ့သည်။

အသင်းအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက ကာကက်ဇ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ပြီးနောက် ဘောလုံးရာသီကုန်ဆုံးချိန်တွင် ထပ်မံကမ်းလှမ်းခဲ့ရာ ကစားသမားနှင့် သဘောတူညီမှု ရခဲ့သော်လည်း လီဗာပူးအသင်းက ကစားသမား၏ ဈေးကွက်တန်ကြေး ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ဘုန်းမောက်အသင်းက ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ဘုန်းမောက်အသင်း သည် အသင်းမှ လူငယ်ကစားသမား ဟူအီဆန်ကို ဈေးကွက်တန်ကြေးထက် ပိုမိုပေးချေခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းသို့ စတာလင်ပေါင် သန်း ၅၀ ဖြင့် ရောင်းချခဲ့ပြီးနောက် ဗဟိုခံစစ်ကစားသမား ကာကက်ဇ်ကိုလည်း ဈေးကွက်တန်ကြေးထက် ပိုမိုရရှိလိုသည့်အတွက် လီဗာပူးအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်ပြီး ပြောင်းရွှေ့ကြေးတိုးမြှင့်လာပါက လက်လွှတ်နိုင်ဖွယ်ရှိသည်။

ကာကက်ဇ်သည် အယ်ခမာအသင်းမှ ဘုန်းမောက်အသင်းသို့ ၂၀၂၃ ခုနှစ်က စတာလင်ပေါင် ၁၈ သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့ခဲ့သည့်အတွက် အသင်းအနေဖြင့် ကစားသမားကို ရောင်းချပါက အမြတ်အစွန်း ရရှိမည်ဖြစ်သော်လည်း လက်ရှိတွင် လီဗာပူးအသင်းမှ ကမ်းလှမ်းလာသည့် စတာလင်ပေါင် ၄၅ သန်းထက် ပိုမိုရရှိလိုသဖြင့် ထပ်မံဆွေးနွေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိ



ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒ္မွာအားကစားကွင်းတွင် ISPE အသင်းနှင့် သစ္စာအားမာန် အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၁ မိနစ်တွင် စောအောင်မျိုးဦးက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက တက္ကသိုလ်အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၄ မိနစ်တွင် လမင်းပြည့်စုံ၊ ပွဲချိန် ၄၂ မိနစ်တွင် မောင်တော့၊ ပွဲချိန် ၅၁ မိနစ်တွင် ဇော်ဘိုထွဋ်၊ ပွဲချိန် ၅၂ မိနစ်တွင် ကောင်းခန့်ကျော်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် ခိုင်မြေကျော်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ဇွန် ၈ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက် အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အတ္တလန်တာအသင်းက နည်းပြဂျူရစ်ကို ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာ

ရောမ ဇွန် ၇

အတ္တလန်တာ အသင်းသည် ဘောလုံးရာသီ ပြီးဆုံးချိန်တွင် နည်းပြဂက်စ်ပါရီနီနှင့် လမ်းခွဲခဲ့ပြီးနောက် ယခုအခါ နည်းပြဂျူရစ်ကို နည်းပြသစ်အဖြစ် ထပ်မံခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြ ဂက်စ်ပါရီနီသည် အတ္တလန်တာအသင်းနှင့် ဘောလုံးရာသီကိုးရာသီ လက်တွဲခဲ့ပြီးနောက် ပြီးခဲ့သည့် မေ ၃၁ ရက်က အသင်းနှင့် လမ်းခွဲခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်းနေရာတွင် နည်းပြဂျူရစ်ကို ၂၀၂၇ ခုနှစ်ထိ သက်တမ်းရှိသည့် စာချုပ်ချုပ်ဆို၍ ဂက်စ်ပါရီနီ၏နေရာတွင် အစားထိုးခဲ့ကြောင်း တရားဝင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နည်းပြဂျူရစ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက နည်းပြမာတင်နေရာတွင် အစားထိုးခံရပြီးနောက် ဆောက်သမ်တန် အသင်းကို တာဝန်ယူခဲ့ရာ အသင်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၆ ပွဲတွင် နိုင်ပွဲနှစ်ပွဲသာ ရခဲ့သဖြင့် ဘောလုံးရာသီမကုန်ဆုံးမီ တန်းဆင်းခဲ့ရသောကြောင့် အသင်းမှထုတ်ပယ်ခံရခြင်းဖြစ်သည်။

သို့သော်အတ္တလန်တာအသင်းက နည်းပြဂျူရစ်သည် စီးရီးအေပြိုင်ပွဲတွင် ရိုးမားအသင်း၊ တိုရီနိုအသင်းတို့ကို တာဝန်ယူခဲ့သူဖြစ်ကာ ပြိုင်ပွဲစုံ ၂၄၉ ပွဲထိကိုင်တွယ်ခဲ့သဖြင့် စီးရီးအေပြိုင်ပွဲ အတွေ့အကြုံကောင်းများရှိသည့်အတွက် ဂက်စ်ပါရီနီ၏နေရာတွင် အစားထိုးရန်ဆုံးဖြတ်၍ နည်းပြတာဝန်ပေးခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML



# စပါးအသင်းက နည်းပြပိုစတီကိုဂလူကို ရာထူးမှထုတ်ပယ်၍ နည်းပြဖရန့်နှင့် အစားထိုးရန်ပြင်ဆင်

လန်ဒန် ဇွန် ၇

စပါးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အမှတ်ပေး ပြိုင်ပွဲတွင် အဆင့်(၁၇) နေရာဖြင့် ပြီးဆုံးခဲ့သဖြင့် သမိုင်းတစ်လျှောက် အဆိုးရွားဆုံး ဘောလုံးရာသီနှင့် ကြုံတွေ့ခဲ့ပြီးနောက် နည်းပြပိုစတီကိုဂလူကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ၎င်းနေရာတွင် ဘရန့်ဖို့ဒ်အသင်း နည်းပြ ဖရန့်နှင့် အစားထိုးရန် ပြင်ဆင်လျက်ရှိသည်။

နည်းပြ ပိုစတီကိုဂလူသည် စပါးအသင်းကို ၄၀ နှစ်ကြာ ဝေးကွာနေသည့် ယူရိုပါလိဂ် ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ပိုး ဆိုးရွားမှုကြောင့် ယူရိုပါလိဂ် ပြိုင်ပွဲအပြီး ရက်သတ္တနှစ်ပတ်ကျော်တွင် အသင်းမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

နည်းပြ ပိုစတီကိုဂလူ လက်ထက်တွင် စပါးအသင်း ကစားပုံတိုးတက်လာခဲ့သော်လည်း ၎င်းတာဝန်ယူနေသည့် ကာလအတွင်း အဓိက ကစားသမားများဖြစ်သည့် ရီမိရို၊ ဗန်ဒီဗန်၊ အုဒိုဂျီ၊ ဗီကာရီယိုတို့ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့သည့်အပြင် ဒဏ်ရာရကစားသမား စံချိန်တင်များပြားလာမှုကြောင့် ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းရယူနိုင်ရန် ရုန်းကန်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘောလုံးရာသီပြီးဆုံးချိန်တွင် အမှတ်ပေးပြိုင်ပွဲတွင် ၂၂ ပွဲထိရှုံးခဲ့သည့်အပြင် ရမှတ် ၃၈ မှတ်သာရရှိခဲ့သည့်အတွက် အဆင့်(၁၇)တွင်ရပ်တည်ခဲ့ပြီး အဆိုးရွားဆုံးဘောလုံးရာသီနှင့် ရင်ဆိုင်ခဲ့ရသည်။

ပိုစတီကိုဂလူသည် စပါးအသင်းသို့ ၂၀၂၃ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သော်လည်း ဘောလုံးရာသီနှစ်ရာသီ ကုန်ဆုံးချိန်တွင် အသင်းမှ ထုတ်ပယ်ခံရပြီးနောက် စပါးအသင်းသည် ၂၀၁၉ ခုနှစ်က နည်းပြပိုချက်တီနိုနောက်ပိုင်း ခြောက်နှစ်အတွင်း နည်းပြသစ် လေးဦးထိပြောင်းလဲခဲ့ရကြောင်းသိရသည်။

Ref : Sky sports

Trs : ML

# PGA Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မရွန်းချန်ဦးဆောင်

တိုရွန်တို ဇွန် ၇

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် PGA Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ကင်မရွန်းချန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမား တစ်ဦးပင်ဖြစ်သည့် ပွတ်နမ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ဦးဆောင်နေပြီး ကနေဒါ ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် နစ်တေလာ၊ ရစ်ချက်တီလီ၊ ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမား အိုလီဆင်နှင့် ပြင်သစ် ဂေါက်သီးရိုက်ကစားသမားပီရက်ဇ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အိုလီဆင်သည် ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့် ရခဲ့သော်လည်း ဒုတိယနေ့တွင် စွမ်းဆောင်ရည် ကျဆင်းကာ သတ်မှတ်ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့သည်။

ပြိုင်ပွဲဝင်အများစုမှာ ဒုတိယနေ့တွင် ရလဒ်ကောင်းခဲ့ကြပြီး သတ်မှတ်ရိုက်ချက်ထက် လျော့ရိုက်နိုင်ခဲ့ကြသည့် အခြေအနေမျိုးတွင် အိုလီဆင်အနေဖြင့် သတ်မှတ်ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့သည့်အတွက် အမှတ်ပေးဇယားအား ဆက်လက်ဦးဆောင်ခွင့်ရမည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : AZL

# မန်စီးတီးအသင်းက ဂရီးလစ်ရှ်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ သတ်မှတ်



မန်ချက်စတာ ဇွန် ၇

မန်စီးတီးအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားသည့် ဂရီးလစ်ရှ်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဂရီးလစ်ရှ်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က စံချိန်တင်ပြောင်းရွှေ့ကြေး တစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၁၀၀ ဖြင့် အေဗီလာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂရီးလစ်ရှ်သည် အေဗီလာအသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း မန်စီးတီးအသင်းတွင် ဘောလုံးရာသီတိုင်း၌ ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် မန်စီးတီးအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ရောင်းချရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းက ဂရီးလစ်ရှ်ကို အသင်း၏ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းခြင်းမရှိတော့သည့်အတွက် လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားသောကြောင့် လာမည့် ဖီဖာ ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကစားမည့် အသင်းကစားသမားစာရင်းမှလည်း ချန်လှပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ဂရီးလစ်ရှ်သည် မန်စီးတီးအသင်းတွင် လေးရာသီကြာ ကစားခဲ့ရာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၅၇ ပွဲ ပါဝင်ကစားခဲ့ရာတွင် ၁၇ ဂိုးသာ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန်(XEC) ကူးစက်မှုအန္တရာယ် သတိပြုစေလို



ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မေ ၂၅ ရက်မှ ဇွန် ၁ ရက်ထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၇၇၈ ခုကို စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာသစ် ၁၇ ဦးတွေ့ရှိခဲ့ပြီး ရောဂါပိုးတွေ့ရှိမှု သုည ဒသမ ၉၆ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ခဲ့သည်။ အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန်(XEC) တွေ့ရှိမှုမြင့်တက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် အထူးဂရုစိုက်သွားရန် လိုအပ်ပေသည်။

**များစွာထိခိုက်**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ရောဂါကို ကူးစက်ပျံ့နှံ့မှုနှင့်သေဆုံးမှုနှုန်းမြင့်မားလာသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်က ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ လူအမြောက်အမြားသေဆုံးပြီး စီးပွားရေးလုပ်ငန်းများစွာကိုလည်း ထိခိုက်ခဲ့သည်။ ကလေးများလည်း ပညာသင်ယူမှုနှောင့်နှေးခဲ့ရသည်။ လက်ရှိအချိန်ထိ ကိုဗစ်-၁၉ ရောဂါဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန်(XEC)ကူးစက်ပျံ့နှံ့နေဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှစ၍အတည်ပြုလူနာနှစ်ဦး စတင်တွေ့ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ ယခုနှစ် ဇွန် ၁ ရက်ထိ ဓာတ်ခွဲစစ်ဆေးမှု ၁၂၅၇၈၉၂ ခုရှိပြီး အတည်ပြုလူနာ ၆၄၃၂၆၆ ဦးနှင့် သေဆုံးသူ ၁၉၄၉၄ ဦးရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းကျဆင်းလာခဲ့ပြီး သေဆုံးမှုမရှိခဲ့သော်လည်း လက်ရှိအချိန်တွင် အတည်ပြုလူနာများ ပြန်လည်တွေ့ရှိလာရသဖြင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ လိုက်နာသွားလာနေထိုင်ရန် လိုအပ်သည်။

**ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန် (XEC)**

ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန် (XEC)သည် အိုမီခရွန် JN.1 မျိုးဆက်မှဆင်းသက်လာသော KS.1.1 နှင့် KP.3.3 ဗီဇပြောင်းမျိုးကွဲများ ပေါင်းစပ်ထားသည့် ဗီဇပြောင်းမျိုးကွဲ (Recombinant)ဖြစ်ပြီး ပထမဆုံးနမူနာကို ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ရယူခဲ့သည်။ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန် (XEC)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က စောင့်ကြည့်လျက်ရှိသော ဗီဇပြောင်းမျိုးကွဲခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် SARS-CoV-2 ဗီဇပြောင်းမျိုးကွဲတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်ထိ နိုင်ငံပေါင်း ၅၀ မှ နမူနာ ၁၃၃၃၁ ခုကို တင်သွင်းခဲ့သည်။ ၂၀၂၄ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်နှင့် နိုဝင်ဘာလပထမပတ်တို့တွင် ကူးစက်မှုနှုန်း ၂၆ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ နိုဝင်ဘာလတတိယပတ်နှင့် စတုတ္ထပတ်တွင် ကူးစက်မှုနှုန်း ၃၆ ဒသမ ၈ ရာခိုင်နှုန်းထိ ပျံ့နှံ့မှုသိသိသာသာမြင့်တက်လာခဲ့သည်။ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန်(XEC)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ဒေသသုံးခု (အနောက်ပစိဖိတ်ဒေသ၊ ဥရောပဒေသ၊ အမေရိကန်နိုင်ငံ)တွင် ပျံ့နှံ့မှုတိုးလာနေသော တစ်ခုတည်းသော ဗီဇပြောင်းမျိုးကွဲတစ်ခုဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန် (XEC)သည် လက်ရှိတွင် ကမ္ဘာတစ်ဝန်းစောင့်ကြည့်လျက်ရှိသော SARS-CoV-2 ဗီဇပြောင်းမျိုးကွဲတစ်ခုဖြစ်သည်။ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန်(XEC)ပျံ့နှံ့မှုနှုန်းသည် မြန်ဆန်သော်လည်း လူ့ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားကို ဝင်ရောက်နိုင်သည့်စွမ်းရည်နည်းပါးသည်။ ထို့ကြောင့် အိုမီခရွန်(XEC) သည် ဖြစ်ပွားမှုများတိုးလာသော်လည်း အခြားမျိုးကွဲများထက် ပြင်းထန်မှုမရှိကြောင်းထုတ်ပြန်ချက်များအရ သိရသည်။ သုတေသနမှတ်တမ်းများအရ အိုမီခရွန် (XEC)၏ ကူးစက်ပျံ့နှံ့မှုသည် အခြားအိုမီခရွန်မျိုးကွဲများနှင့်နှိုင်းယှဉ်ပါက လူထုကျန်းမာရေးအတွက် ကြီးမားသောအန္တရာယ်မရှိဟု သုံးသပ်ထားကြသည်။ ထို့ပြင် လက်ရှိထိုးနှံလျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးများသည်လည်း ဤမျိုးကွဲကို ခုခံနိုင်စွမ်း(Cross-Reactive)ရှိပြီး ရောဂါလက္ခဏာပြင်းထန်မှုနှင့် ပြင်းထန်ရောဂါအခြေအနေများကို ကာကွယ်နိုင်သည်။

**ဒေသတွင်းနိုင်ငံများ ကူးစက်ပြန့်ပွား**

သို့သော် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၌ အိုမီခရွန်မျိုးကွဲသစ်(XEC)ကူးစက်မှုနှုန်းသည် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၄ ရက်ထိ ရောဂါကူးစက်သူ ၇၁၀၉၇ ဦးရှိပြီး သေဆုံးသူ ၁၉ ဦးရှိကြောင်း ထိုင်းနိုင်ငံ၏ ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ရောဂါဖြစ်ပွားမှုသည် ထိုင်းနိုင်ငံ၏ သင်္ကြန်ရေကစားပွဲ(Songkran) ကျင်းပသောကာလတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ရောဂါဖြစ်ပွားသူ ဦးရေတိုးလာခဲ့သည်။ အလားတူ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံတို့တွင်လည်း ကူးစက်ပြန့်ပွားလျက်ရှိသည်။ စင်ကာပူနိုင်ငံ၌ ယခုနှစ် မေ ၃ ရက်ထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ဦးရေ ၁၄၂၀၀ ထိ ရှိခဲ့သည်။ အိုမီခရွန်မျိုးကွဲသစ်(XEC)သည် ရောဂါပြင်းထန်မှုနည်းပါးသော်လည်း ကူးစက်မှုနှုန်းမြန်ဆန်သည့်အတွက် သတိထားစောင့်ကြည့်သွားရန် လိုအပ်သည်။

**လိုက်နာဆောင်ရွက်ရန်လို**

နှစ်ခြိုက်စွာအိပ်စက်အနားယူခြင်းသည်လည်း ကိုယ်ခံအားစနစ်ကောင်းမွန်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အိပ်ရေးဝအောင် အိပ်စက်အနားယူခြင်းသည် ကိုယ်ခံအားစနစ်အတွက် အရေးပါသောဆဲလ်များ ထုတ်ပေးသည်။ ဆိုရလျှင် လုံလောက်စွာအိပ်စက်အနားယူခြင်းသည် ကူးစက်ရောဂါပိုးတိုက်ဖျက်ရာ၌ များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်းသည် နှလုံး၊ ကြွက်သားနှင့် အရိုးများ ကြံ့ခိုင်သန်မာရေးအတွက် များစွာအထောက်အကူပြုသည်။ ကိုယ်လက်လှုပ်ရှားမှုသည် စိတ်ခံစားမှုကိုလည်း ပိုမိုတိုးတက်စေသည်။ နေ့စဉ် မိနစ် ၂၀ ခန့် ကိုယ်လက်လှုပ်ရှားမှုလုပ်ဆောင်ခြင်းသည် ကိုယ်ခံအားစနစ် ပိုမိုကောင်းမွန်စေသည်။ ကျန်းမာကြံ့ခိုင်ပြီး သွက်သွက်လက်လက် လှုပ်ရှားခြင်းသည် သွေးလည်ပတ်မှုမြန်ဆန်စေသည့်အပြင် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ကိုယ်ခံအားစနစ် ပိုမိုကောင်းမွန်စေသည်။

လက်မှန်မှန်ဆေးကြောသည့် အလေ့အထသည် လွယ်မယောင်နှင့်ခက်သည်။ မိသားစုတစ်စုသည် ယခင်ကတည်းက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိမှသာလျှင် လက်ဆေးကြောသည့်အလေ့အထရှိနိုင်သည်။ အထူးသဖြင့် အိမ်သာမှထွက်ချိန်၊ အပြင်မှပြန်ရောက်ချိန်၊ ပစ္စည်းတစ်ခုခုကို ကိုင်တွယ်ပြီးချိန်တို့တွင် လက်ဆေးကြောရန်လိုသည်။ လက်ရှိ ကူးစက်ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ရောဂါပိုးသည် အရာဝတ္ထုများတွင်ကပ်ပြီး အသက်ရှင်သန်နိုင်သဖြင့် ထိုအရာဝတ္ထုများကို ထိတွေ့ကိုင်တွယ်ပြီး လက်ဆေးရန်မေ့လျော့နေမည်ဆိုလျှင် ရောဂါပိုးကူးစက်ခံရရန် ရာခိုင်နှုန်းများသည်။ လက်ဆေးကြောရာတွင်လည်း ဆပ်ပြာမပါဘဲ ရေနှင့်ဖြစ်သလို ဆေးကြောနေမည်ဆိုလျှင် ရောဂါပိုးအန္တရာယ်မှ ကာကွယ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကျန်းမာရေးဌာနက အကြံပြုထားသည့်အတိုင်း လက်ကို ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်ဆေးရည်တို့ဖြင့် သေချာစွာပွတ်တိုက်ဆေးကြောသင့်သည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိကျန်းမာရေးအတွက်လုပ်ဆောင်ခြင်းဖြစ်သလို မိမိမိသားစုနှင့် နိုင်ငံသားအားလုံး၏ ကျန်းမာရေးအတွက် လုပ်ဆောင်ခြင်းလည်းဖြစ်ပေသည်။

ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန် (XEC)ကူးစက်မှုမခံရစေရေးအတွက် နှာချေ၊ ချောင်းဆိုးခြင်းများကို လက်ကိုင်ပဝါနှင့် တစ်ရှူးအုပ်ပြီးမှသာ လုပ်ဆောင်ခြင်း၊ အသုံးပြုပြီးတစ်ရှူးများကို အမှိုက်ပုံးထဲစွန့်ပစ်ခြင်း၊ လူစည်ကားရာနေရာများသို့ မလွှဲမရှောင်သာ သွားရမည်ဆိုလျှင် ပါးစပ်၊ နှာခေါင်းစည်းတပ်ထားခြင်း၊ ဖျားနာနေလျှင် အိမ်၌သာ အနားယူနေခြင်း၊ ဖျားနာပြီးမောနေလျှင်၊ အသက်ရှူကျပ်လျှင် ဆရာဝန်နှင့်ချက်ချင်းပြသခြင်း၊ ဖျားနာနေလျှင် ခရီးသွားလာမှုကို ရှောင်ရှားခြင်း၊ ဖျားနာနေသူများထံသို့သွားရာမှ ပြန်လာလျှင် လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောခြင်း၊ လုပ်ငန်းခွင်နှင့် နေအိမ်တွင် ပိုးသတ်ဆေးဖျန်းခြင်း စသည်တို့ကို မပျက်မကွက်လုပ်ဆောင်သင့်သည်။

**ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန် (XEC) ကူးစက်မှုအန္တရာယ် သတိပြုစေလို**

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ်အိုမီခရွန်(XEC)ကူးစက်မှုကို ကာကွယ်ရန်အတွက် ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ လက်ကို မကြာခဏစနစ်တကျဆေးကြောခြင်း၊ လူစုလူဝေးများကို ရှောင်ရှားခြင်းနှင့် ကိုဗစ်-၁၉ရောဂါကာကွယ်ရန် အခြေခံလိုက်နာရမည့်အချက်များကို ဆက်လက်လိုက်နာကျင့်သုံးသွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် အားဖြည့်ကာကွယ်ဆေး ထိုးနှံထားသူများတွင် ပြင်းထန်ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သဖြင့် ကာကွယ်ဆေးလွှမ်းခြုံအောင် ပိုမိုဆောင်ရွက်ခြင်းဖြင့်လည်း အိုမီခရွန်မျိုးကွဲသစ် (XEC)ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

**❖နှာချေ၊ ချောင်းဆိုးခြင်းများကို လက်ကိုင်ပဝါနှင့် တစ်ရှူးအုပ်ပြီးမှသာ လုပ်ဆောင်ခြင်း၊ အသုံးပြုပြီးတစ်ရှူးများကို အမှိုက်ပုံးထဲစွန့်ပစ်ခြင်း၊ လူစည်ကားရာနေရာများသို့ မလွှဲမရှောင်သာ သွားရမည်ဆိုလျှင် ပါးစပ်၊ နှာခေါင်းစည်းတပ်ထားခြင်း၊ ဖျားနာနေလျှင် အိမ်၌သာ အနားယူနေခြင်း၊ ဖျားနာပြီးမောနေလျှင်၊ အသက်ရှူကျပ်လျှင် ဆရာဝန်နှင့်ချက်ချင်းပြသခြင်း၊ ဖျားနာနေလျှင် ခရီးသွားလာမှုကို ရှောင်ရှားခြင်း၊ ဖျားနာနေသူများထံသို့သွားရာမှပြန်လာလျှင် လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောခြင်း၊ လုပ်ငန်းခွင်နှင့် နေအိမ်တွင် ပိုးသတ်ဆေးဖျန်းခြင်းစသည်တို့ကို မပျက်မကွက်လုပ်ဆောင်သင့်သည်။ ❖**

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

## ခွန်သာချို ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အစ်မအရိပ် ရုပ်သံဇာတ်လမ်းတွဲကို fortune tv မှ ထုတ်လွှင့်ပေးသွားမည်




ရန်ကုန် ဇွန် ၇

ခွန်သာချို ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အစ်မအရိပ် ရုပ်သံဇာတ်လမ်းတွဲကို fortune tv မှ ဇွန် ၁၆ ရက်မှ စတင်ကာ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်ခွန်သာချိုထံမှ သိရသည်။

အဆိုပါ အစ်မအရိပ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားပြီး ဒါရိုက်တာ မဟာ (M.Sc) က ခွန်သာချိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"အစ်မအရိပ် ဇာတ်လမ်းတွဲလေးကတော့ တကယ့်ကိုပညာပေး ဒရာမာ ဇာတ်လမ်းလေးပါ။ ရှေ့မှာလဲ လင်ကြမ်းမယားကြမ်း ရုပ်သံဇာတ်လမ်းတွဲကို ပရိသတ်တွေရဲ့ အားပေးမှု အများကြီးရခဲ့တော့ ပရိသတ်တွေက ဒီဇာတ်လမ်းတွဲလေး ထပ်ရိုက်ဖို့အတွက် တိုက်တွန်းကြလို့ရိုက်ကူးဖြစ်တာပါ။ ဒီဇာတ်လမ်းထဲမှာဆိုရင် အစ်မ အာကာမြင့်အောင်ကို အစ်မကြီး တစ်ယောက် ကာရိုက်တာမျိုးနဲ့ မြင်ရမှာဖြစ်သလို ကျွန်တော့်ကိုလဲ ပြားကိုးဆယ် ကာရိုက်တာမျိုးနဲ့ မြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် ခွန်သာချိုက ပြောပြသည်။

အစ်မအရိပ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ခွန်သာချို၊ အောင်ခိုင်၊ ရဲမွန်၊ ခိုင်နီး၊ အာကာမြင့်အောင်၊ ဒေါ်စန်းစန်းဝင်း၊ ခင်စိုးပိုင်၊ ခင်မို့မို့အေး၊ ခင်ခင်ကြီး၊ အိမ့်ဖြူပွင့်၊ ညိုမီ ၊ အိန္ဒြာချမ်းမြေ့နှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး ဇွန် ၁၆ ရက်မှ စတင်ကာ အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့ထိ ည ၈ နာရီ အချိန်တွင် ထုတ်လွှင့် ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

## Monster High ဇာတ်ကားကို ဒါရိုက်တာ ဂျာရက်ဂျွန်စတုန်း ရိုက်ကူးမည်

နယူးယောက် ဇွန် ၇

ယူနီဗာဆယ်ရုပ်ရှင် ကုမ္ပဏီ၏ Monster High ဇာတ်ကားကို M3GAN ဒါရိုက်တာ ဂျာရက်ဂျွန်စတုန်းက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

Monster High ဇာတ်ကားသည် Mattel ကုမ္ပဏီ၏ Monster High ကလေးကစားစရာအရုပ်များကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဂျာရက်ဂျွန်စတုန်းသည် လက်ရှိတွင် M3GAN 2.0 ဇာတ်ကားသစ် ရိုက်ကူးပေးထားပြီးဖြစ်သည်။

M3GAN 2.0 ဇာတ်ကားကို ယခုနှစ် ဇွန် ၂၇ တွင် စတင်ရုံတင် ပြသမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Monster High ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

ယူနီဗာဆယ်ကုမ္ပဏီသည် Mattel ၏ Barbie အရုပ်များကို ဇာတ်အိမ်ဖွဲ့၍ Barbie (2023) ကို ရိုက်ကူးထုတ်လုပ်ခဲ့ရာ အကြီးအကျယ်အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





## မာယာကျား ရုပ်ရှင်ဇာတ်ကားကို ဇွန်လအတွင်း ရုံတင်ပြသမည်ဖြစ်




ရန်ကုန် ဇွန် ၇

မာတာမြတ်မိခင် ရုပ်ရှင် ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မာယာကျား ရုပ်ရှင် ဇာတ်ကားကို ဇွန်လအတွင်း ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ မာယာကျား ရုပ်ရှင် ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသည့် ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြ၍ သိရသည်။

မာယာကျား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဇေယျာတုနှင့်သက်ထင်တို့က ရေးဖွဲ့ထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို ရာဇဝင်ကိုနှင့် မင်းကိုစိုး (နတ်သံကွင်း) တို့က ရေးသားထားကာ ဒါရိုက်တာ ရာဇဝင်ကိုက မာတာမြတ်မိခင် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"အချစ်ဟာသ ဇာတ်မြူးလေးပါပဲ။ ဒီဇာတ်ကားထဲမှာတော့ ညီထွဋ်ခေါင်၊ ထက်အောင်ရှိုင်း၊ တိုင်းရွှန်း၊ ခြူးလေး၊ ဝေလာရီ၊ ယမုံ မြင့်မြတ်တို့ကို ထူးထူးခြားခြား သွက်သွက်လက်လက်လေး မြင်ရမှာပါ။ ယမုံမြင့်မြတ်ကို ဒီဇာတ်ကားမှာ ဒီဂျေသမလေး အနေနဲ့မြင်ရမှာ ဖြစ်သလို ဝေလာရီကိုလဲ စားဖိုမှူးမလေး အနေနဲ့ ထူးထူးခြားခြား မြင်ရမှာပါ။ အချစ်ဟာသဇာတ်မြူးလေးမို့ ရုံတင်ရင် အားပေးကြပါအုံး " ဟု ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြသည်။

မာယာကျား ရုပ်ရှင်ဇာတ်ကားတွင် ရန်နီအောင်၊ တိုင်းရွှန်း၊ ညီထွဋ်ခေါင်၊ ထက်အောင်ရှိုင်း၊ ညီနန္ဒ၊ ခင်လှိုင်၊ ခြူးလေး၊ ဝေလာရီ၊ ယမုံမြင့်မြတ်နှင့် အခြားအနုပညာရှင်ပေါင်းများစွာ ပါဝင်ထားကြောင်း အဆိုပါ မာယာကျားရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ ရာဇဝင်ကိုက ပြောပြ၍ သိရသည်။

ASH

## The Masque of the Red Death၌ မင်းသမီး မစ်ကေးမက်ဒီဆင် ပါဝင်ဖွယ်ရှိ

နယူးယောက် ဇွန် ၇

A 24 ရုပ်ရှင်ကုမ္ပဏီ၏ The Masque of the Red Death ဇာတ်ကား၌ မင်းသမီး မစ်ကေး မက်ဒီဆင် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မစ်ကေးမက်ဒီဆင်သည် အထက်ပါ ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိပါက မစ်ကေးမက်ဒီဆင်သည် The Masque of the Red Death ဇာတ်ကားမှ နုတ်ထွက်ခဲ့သည့် မင်းသမီး ဆစ်ဒနီဆွီးနေး နေရာ၌ အစားထိုးပါဝင်မည်ဖြစ်သည်။

မင်းသမီး မစ်ကေးမက်ဒီဆင်သည် Neon ကုမ္ပဏီ၏ Anora ဇာတ်ကားဖြင့် အော်စကာဆုရရှိထားသူဖြစ်သည်။

The Masque of the Red Death ဇာတ်ကားသည် အမေရိကန် စာရေးဆရာကြီး အဂ္ဂါအဲလင်ပိုး၏အမည်တူ ထိတ်လန့်သည်းဖို ဝတ္ထုတိုကိုပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ချာလီပိုလင်ဂျာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်းသိရသည်။

Ref : Sputnik News

Trs : KKO



## ငရုတ်သီးယိုအချစ်ပုံပြင် ရုပ်သံဇာတ်လမ်းကို ဇွန် ၈ ရက်တွင် ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇွန် ၇

Sky Net အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ငရုတ်သီးယိုအချစ်ပုံပြင် ရုပ်သံဇာတ်လမ်းကို ဇွန် ၈ ရက်တွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းကို ရိုက်ကူးပေးသည့် ဒါရိုက်တာ ကောင်းမြတ်သူကျော်က ပြောပြ၍ သိရသည်။

အဆိုပါ ငရုတ်သီးယိုအချစ်ပုံပြင် ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းကို အဲလ်လာက ရေးသားထားကာ အေအမ်တီအေနှင့် မင်းတော်ဝင်က ဇာတ်ညွှန်းရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကောင်းမြတ်သူကျော်က Ella Flim Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် အချစ်ဇာတ်မြူး ဖြစ်ကြောင်း သိရသည်။

"အချစ်ဇာတ်မြူး တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းလေးပါ။ လူငယ်ချစ်သူတွေကြားမှာ တွေ့ရကြုံရမဲ့ အဖြစ်အပျက်ကလေးတွေ ပျော်ရွှင်စရာ၊ စိတ်ညစ်စရာစသဖြင့် လူငယ်ဘဝ ဇာတ်ကြောင်းလေး တွေထဲကတစ်ခုကို ရိုက်ကူးထားတာပါ"ဟု ဒါရိုက်တာကောင်းမြတ်သူကျော်က ပြောပြသည်။

အဆိုပါ ငရုတ်သီးယိုအချစ်ပုံပြင် ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် မင်းတော်ဝင်၊ ဆောင်းဝတ်ရည်မေ၊ အဲလ်ဘတ်ပိုင်၊ လုနုထွန်း၊ အဲလ်လာ၊ သမုဒယ၊ ကောင်းနေ့၊ ဇွန်လရောင်နှင်း၊ သိမ့်ဟန်နီနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ပြီး ဇွန် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် Sky Net အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကောင်းမြတ်သူကျော်ထံမှ သိရသည်။

ASH

*From Page 12*

*See Page 14*

*From Page 13*

**The congratulatory message sent by Deputy Prime Minister and Union Minister for Foreign Affairs U Than Swe to Mr. Wang Yi, Member of the Political Bureau of CPC Central Committee and Minister of Foreign Affairs of the People's Republic of China**

8 June, 2025

Excellency,

It is my pleasure to convey my heartfelt greetings and warmest congratulations on the auspicious occasion of the 75th Anniversary of the establishment of diplomatic relations between the Republic of the Union of Myanmar and the People's Republic of China.

Over the past 75 years, our two countries share longstanding ties and amicable neighbourly relations, underpinned in close geographical proximity, mutual respect, and deep-rooted Pauk-Phaw friendship between our two peoples. It is satisfying to note that the multi-sectoral cooperation between our two countries has significantly deepened over the years and culminating in the elevation of our ties to a Comprehensive Strategic Cooperative Partnership, subsequently to a shared commitment to building a Myanmar-China community with a shared future.

I am confident that, through our shared commitment and sturdy collaboration, the enduring friendship and cooperation between our two countries and peoples will continue to flourish in the years to come.

Taking this opportunity, I would like express my sincere appreciation to the Government of the People's Republic of China for its timely and generous humanitarian assistance in response to the recent Mandalay Earthquake.

I look forward to continue working more closely with Your Excellency to further advance our cooperation, not only in the bilateral context but also within regional and multilateral frameworks, for the mutual benefit of our two countries and peoples.

Please accept, Excellency, the assurance of my highest consideration.

Than Swe

His Excellency. Mr. Wang Yi
Member of Political Bureau of CPC Central Committee and Minister of Foreign Affairs of the People's Republic of China
Beijing.

---

**The congratulatory message sent by Mr. Wang Yi, Member of the Political Bureau of CPC Central Committee and Minister of Foreign Affairs of the People's Republic of China to Deputy Prime Minister and Union Minister for Foreign Affairs U Than Swe**

Beijing, 8 June, 2025

H.E. U Than Swe
Deputy Prime Minister and Union Minister for Foreign Affairs
Republic of the Union of Myanmar
Nay Pyi Taw

Your Excellency,

On the occasion of the 75th anniversary of the establishment of China-Myanmar diplomatic relations, I would like to extend my warm congratulations to you.

In the past 75 years since the establishment of diplomatic relations, China-Myanmar relation have withstood the test of changes in the international landscape and consistently maintained a sound momentum of development. I would like to make joint efforts with you to implement the important consensus reached by the leaders of the two countries, expand practical cooperation in various fields, and consistently promote the construction of China-Myanmar community with a shared future.

I wish Myanmar enjoy prosperity and its people well-being.

Wang Yi
Member of the Political Bureau of the CPC Central Committee and Minister of Foreign Affairs of the People's Republic of China

# New teaching building completed for Confucius Institute in Eritrea



Students pose for photos at the new teaching building of the Confucius Institute at the National Higher Education and Research Institute of Eritrea in Asmara, the capital of Eritrea, on June 5, 2025.

**Asmara June 7**

A ceremony was held on Thursday in Asmara, the capital of Eritrea, to celebrate the completion of the new teaching building of the Confucius Institute at the National Higher Education and Research Institute of Eritrea (CI-NHERI) and the 12th anniversary of the institute's establishment.

Speaking on the occasion, Dai Demao, charge d'affaires of the Chinese Embassy in Eritrea, said that Chinese teachers have been working diligently at the institute for over a decade, building a "bridge of friendship" across mountains and seas between the two countries.

"On June 10, the international community will also celebrate the first International Day for Dialogue among Civilizations, which was initiated by China. We believe that the Confucius Institute will take the completion of this building as an opportunity to make new contributions to promoting cultural exchanges between China and Eritrea and deepening the strategic partnership between the two countries," Dai said.

The Confucius Institute building project covers an area of about 2,200 square meters, featuring six classrooms, four offices, a library, and a multi-functional auditorium capable of accommodating over 150 attendees. The auditorium is equipped with advanced audio-visual facilities, making it suitable for a variety of performances and events. About 600 students can study at the same time in the building, according to Sichuan Road and Bridge Corporation that built this project.

Xinhua

# Houthis say ready to swap all prisoners with Yemeni gov't

**Sanaa June 7**

Yemen's Houthi group announced on Friday its readiness to exchange all prisoners with the Yemeni government, a significant proposal put forward by the group since the outbreak of the civil war in late 2014.

The Houthi-run Saba news agency cited a statement by Abdul Qader al-Murtada, head of the Houthis' committee for prisoners' affairs, as saying that the group is prepared to carry out "a full exchange process that includes all prisoners from all parties without exception."

Al-Murtada called on the Saudi government to pressure the Yemeni government "to respond to the initiative without preconditions."

The internationally recognized Yemeni government is yet to comment.

The Yemeni government and the Houthi group implemented a UN-mediated major prisoner swap in 2023, exchanging around 900 prisoners. Another major exchange took place in 2020, with approximately 1,000 prisoners and detainees released from both sides.

Yemen has been mired in civil war since late 2014, when the Houthi group seized control of much of northern Yemen, forcing the Yemeni government out of the capital Sanaa.

Clashes between the Houthis and the Yemeni government have diminished since April 2022, following a UN-mediated truce.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဆွီဒင်ထုတ် Gripen JAS 39 တိုက်လေယာဉ်လေးစင်း ထပ်မံဝယ်ယူရန် ထိုင်းလေတပ် စီစဉ်နေ



ထိုင်းနိုင်ငံသည် F-35 တိုက်လေယာဉ်များဝယ်ယူခွင့်ပြုရန် တောင်းဆိုမှုကို အမေရိကန်က ငြင်းဆိုခဲ့ပြီး နှစ်နှစ်အကြာတွင် ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီက ထုတ်လုပ်ထားသည့် Gripen JAS 39 တိုက်လေယာဉ်လေးစင်းဝယ်ယူရန် စီစဉ်နေကြောင်း Channel News Asia သတင်းဌာနက ဇွန် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ်မှ ၂၀၂၉ ခုနှစ်အတွင်း ဝယ်ယူရေးပထမအဆင့်အတွက် ဘတ်ဂျက်သည် Gripen တိုက်လေယာဉ် လေးစင်းအတွက် ဘတ် ၁၉ ဒသမ ၅ ဘီလီယံဖြစ်သည်ဟု လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Punpakdee Pattanakul က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် Gripen JAS 39 တိုက်လေယာဉ် ၁၁ စင်းနှင့် အမေရိကန်ထုတ် F-16 နှင့် F-5 တိုက်လေယာဉ် ဒါဇင်ပေါင်းများစွာဖြင့် အရှေ့တောင်အာရှဒေသတွင်း အင်အားအကောင်းဆုံးလေတပ်များထဲမှ တစ်ခုဖြစ်ပြီး အချို့တိုက်လေယာဉ်များမှာ ၁၉၈၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကတည်းက စတင်အသုံးပြုခဲ့သည့် လေယာဉ်များဖြစ်ကြသည်။

ဆွီဒင်နိုင်ငံထုတ် တိုက်လေယာဉ်များ ထပ်မံဝယ်ယူလိုသည်ဟု ယခင်နှစ်ကတည်းက ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါ အစီအစဉ်ကို လာမည့်လတွင် အတည်ပြုရန် အစိုးရအဖွဲ့ထံ ပေးပို့မည်ဖြစ်ကြောင်း၊ အစိုးရထံမှ သဘောတူချက်ရရှိပါက ဝယ်ယူရေးစာချုပ်ကို ဩဂုတ်လတွင် လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ကြောင်း ထိုင်းတော်ဝင်လေတပ်က ထုတ်ပြန်ခဲ့သည်။

ထိုင်းတော်ဝင်လေတပ်က Gripen E/F တိုက်လေယာဉ်များကို အနာဂတ်တွင် ဝယ်ယူဖြည့်တင်းသွားနိုင်ရေး ရွေးချယ်လိုက်ခြင်းကို ဝမ်းပန်းတသာကြိုဆိုပြီး ဤဝယ်ယူရေးလုပ်ငန်းစဉ်တွင် ဆက်လက်လုပ်ဆောင်ပေးသွားရန် စောင့်မျှော်နေသည်ဟု Saab အမှုဆောင်အရာရှိချုပ် Micael Johansson က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Gripen E/F တိုက်လေယာဉ်သည် ထိုင်းနိုင်ငံ၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို သိသိသာသာအထောက်အကူပြုမည့် အနာဂတ်အတွက် လွတ်လပ်သော လေကြောင်းစွမ်းအားကို ပိုင်ဆိုင်ထားနိုင်စေရန် အကောင်းဆုံးဖြေရှင်းချက်ဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ယခုတိုင် ဆွီဒင်ကုမ္ပဏီအနေဖြင့် ထိုင်းနိုင်ငံနှင့် သဘောတူစာချုပ် မချုပ်ဆိုရသေးသကဲ့သို့ အမှာစာများလည်း လက်ခံရရှိထားခြင်း မရှိသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် အမေရိကန်နှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သမိုင်းကြောင်းရှည်လျားပြီး ၂၀၀၃ ခုနှစ်တွင် အမေရိကန်က NATO မဟုတ်သော မဟာမိတ်အဖြစ် သတ်မှတ်ခြင်းခံရသော အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံသည် ကမ္ဘာ့အဆင့်မြင့်ဆုံး တိုက်လေယာဉ်များထဲမှ Lockheed Martin ကုမ္ပဏီထုတ် F-35 ကိုယ်ပျောက်တိုက်လေယာဉ် ရှစ်စင်းကိုဝယ်ယူရန် ကနဦးစီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ကြံ့ခိုင်၊ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အခြေခံအဆောက်အအုံအပါအဝင် လေ့ကျင့်ရေးနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များဆိုင်ရာ ပြဿနာများကြောင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဘက်မှ ၎င်းတို့ကိုရောင်းချရန် ငြင်းဆိုခဲ့သည်ဟု ထိုင်းနိုင်ငံက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

F-35 တိုက်လေယာဉ်သည် အင်ဒို-ပစိဖိတ်ဒေသတွင် ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့အပါအဝင် အမေရိကန်နိုင်ငံ၏ အနီးကပ်ဆုံးမဟာမိတ်များသို့သာ ရောင်းချသည့် အရေးကြီးသော အဆင့်မြင့်လေကြောင်းစွမ်းအားတစ်ခုဟု သတ်မှတ်ထားကြောင်း သိရသည်။

**Thailand to buy 4 more Swedish Gripen fighter jets, air force says** ကို ဘာသာပြန်ဆိုထားပါသည်။

## Maxar နှင့် Saab ကုမ္ပဏီက ဒရုန်းများအတွက် အာကာသအခြေပြုစွမ်းရည်များကိုအဆင့်မြှင့်တင်ရန် သဘောတူလက်မှတ်ရေးထိုး

အမေရိကန်အခြေစိုက် Maxarကုမ္ပဏီနှင့် ဆွီဒင်အခြေစိုက် Saab ကုမ္ပဏီတို့သည် ဒရုန်းများအတွက် အာကာသအခြေပြုစွမ်းရည်များ အဆင့်မြှင့်တင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်ဟု The Defense Post သတင်းဌာနက ဇွန် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီချက်အရ Maxar ကုမ္ပဏီသည် Saabကုမ္ပဏီထုတ်ကာကွယ်ရေးစနစ်များ၊ ဂြိုဟ်တုပုံရိပ်များနှင့် 3D မြေပြင်အချက်အလက်၊ ဒေတာကို ပေါင်းစပ်ပေးသွားမည်ဖြစ်သည်။ အဆိုပါ ပဏာမခြေလှမ်းသည် GPS ကိုအမှီမပြုဘဲ ဒေတာအချက်အလက်များ စုဆောင်းထား၍ လမ်းကြောင်းပြခြင်းလုပ်ငန်းစဉ်များကို အတိအကျလုပ်ဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပြိုင်ဆိုင်မှုပြင်းထန်သော စစ်မြေပြင်ပတ်ဝန်းကျင်များတွင် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်စေမည့် အလိုအလျောက် တိုက်ပွဲဝင်စနစ်များကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

Maxar ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အာကာသနယ်ပယ်မှ သတင်းအချက်အလက်များကို အသုံးပြုရန်နှင့် ဥရောပတိုက်ရှိ အခြားနိုင်ငံများ၏ မဟာဗျူဟာမြောက်ကာကွယ်ရေးစွမ်းရည်များကို အဆင့်မြှင့်တင်ရန် ကတိကဝတ်ပြုကြိုးပမ်းဆောင်ရွက်မှုများပင်ဖြစ်ကြောင်း Saab ကုမ္ပဏီမှ စီးပွားရေးဆိုင်ရာ အကြီးအကဲတစ်ဦးဖြစ်သူ Görgen Johansson က ပြောကြားခဲ့သည်။

ထို့ပြင် Saab ကုမ္ပဏီသည် Raptor ဆော့ဖ်ဝဲစနစ်အပါအဝင် Maxar ကုမ္ပဏီထုတ် ပထဝီဝင်ဆိုင်ရာထောက်လှမ်းရေး စက်ပစ္စည်းကိရိယာများနှင့် ဆက်စပ်ထုတ်ကုန်များကို အသုံးပြုခွင့်ရရှိနိုင်စေမည်ဖြစ်သည်။ Maxar ကုမ္ပဏီထုတ်အဆင့်မြင့် ပထဝီဝင်တည်နေရာပြဆိုင်ရာ စနစ်များတွင် ကျွမ်းကျင်ပိုင်နိုင်မှုဂြိုဟ်တုစွမ်းရည်များကို ကျွန်ုပ်တို့၏ အဆင့်မြင့်ကာကွယ်ရေးစနစ်များနှင့်အတူ ပေါင်းစပ်အသုံးပြုနိုင်ခြင်းဖြင့်၊ ကြည်း၊ ရေ၊ လေ နယ်ပယ်များစွာရှိ စစ်ဆင်ရေးများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေမည်ဖြစ်ကာ ယုံကြည်စိတ်ချရမှု စံနှုန်းအသစ်များကို သတ်မှတ်ပေးလိမ့်မည်ဖြစ်သည်ဟု Johansson က ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံမှ ကုမ္ပဏီနှစ်ခုလက်မှတ်ရေးထိုးခဲ့သောသဘောတူညီချက်သည် Raptor ဆော့ဖ်ဝဲစနစ်ကို လတ်တလောစမ်းသပ်ခြင်းများအပါအဝင် Maxar နှင့် Saab ၏ လက်ရှိလုပ်ဆောင်နေသည့် အလုပ်များအပေါ်တွင် အခြေခံထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ Raptor ဆော့ဖ်ဝဲစနစ်သည် ဒရုန်းများကို GPS မပါဘဲ အလိုအလျောက် ပျံသန်းသွားလာနိုင်အောင် လုပ်ဆောင်ပေးနိုင်မည့် မျက်မြင်အခြေပြု ဆော့ဖ်ဝဲစနစ်တစ်စုံဖြစ်သည်။



၎င်းသည် ဒရုန်းများ၏ Onboard ကင်မရာနှင့် Maxar မှ တီထွင်ဖန်တီးထားသော 3D (သုံးဖက်မြင်) ဒေတာများကို အသုံးပြုကာ တိကျသောမြေမျက်နှာသွင်ပြင်များကို ထုတ်နုတ်၍ ဒရုန်းပျံသန်းမှုအတွက် ဝေဟင်တည်နေရာများကိုအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် စတုရန်းကီလိုမီတာ သန်း ၉၀ ကို လွှမ်းခြုံပေးထားနိုင်စွမ်းရှိသည်ဟု သိရသည်။ လက်တွေ့စမ်းသပ်စစ်ဆေးမှုများတွင် စနစ်အနေဖြင့် နှစ်မီတာ ထက်ကျော်လွန်၍ ပိုမိုတိကျသောမြေမျက်နှာသွင်ပြင်များကို ထုတ်နုတ်ပေးနိုင်ခဲ့သည်ဟု Maxar ကုမ္ပဏီ၏ အစီရင်ခံစာတွင် ထုတ်ပြန်ထားကြောင်း သိရသည်။

**Maxar, Saab to Develop Space-Based Capabilities for Drones** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၆၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် စပါး ၃၄၅၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဘုတလင်မြို့နယ်အတွင်း စပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၆၄၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို မေလ ပထမပတ်ကနေ စတင်ပြီး ဝယ်လိုအား သိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၁ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# ပုဗ္ဗသီရိမြို့နယ် ကြံတဲစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဖြတ်ခဲ့ကျေးရွာအုပ်စု ကြံတဲစုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကြံတဲစုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သက်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြံတဲစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၃၂၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၇၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**





## ဝတ္ထုတိုကလျာ

# မြစ်အ

### မောင်ကြည်လင်(ရွှေကြိုးကြာ)

(၁)

တဖျပ်ဖျပ်လှုပ်ရှားနေသည့် အိမ်ရှေ့သစ်ပင်က သစ်ရွက်များကို ကြည့်နေမိသည်။ သစ်ကိုင်းပေါ်က ငှက်ကလေးများက အသံစုံမြည်နေလျက်ရှိသည်။ သဘာဝတရား၏အလှအပများက ကြည်နူးစရာဖြစ်သည်။ နှစ်သက်ဖွယ်လည်းကောင်းသည်။ စိတ်နှလုံးကိုလည်း ငြိမ်းချမ်းစေကြပြန်သည်။

"လူတွေပြောကြတဲ့ စကားရှိတယ်။ လူတွေက အသက်ကြီးလာလေ ကလေးနဲ့တူလာလေပဲတဲ့"

ဟုတ်မှာပါလေ။ အခုဆို ဘိုးကြင်ပြုံးပင် အသက် ၇၀ ရှိခဲ့လေပြီ။ ကလေးတစ်ယောက်ကဲ့သို့နယ် ရှိနေခဲ့လေပြီ။ ကိုယ့်ခန္ဓာအတွက် အမြဲအားယူလှုပ်ရှားနေရသည်။ အကြောင်းအရာတစ်ခုအတွက် စကားလုံးများကိုလည်း ထပ်ခါထပ်ခါပြောဆိုနေတတ်ခဲ့သည်။ ထမင်းစားသည့်အခါ သန့်ရှင်းသပ်ရပ်မှုလည်းနည်းပါးလာခဲ့သည်။ လမ်းလျှောက်ရတာလည်း သွက်လက်မှုမရှိ။ မျက်လုံးကလည်း မြင်ရသည်မှာ အဖြူအနီမသဲကွဲ။ သို့သော် အိမင်းလာသည့် လူတစ်ဦးအတွက် စကားပြောဖော်လည်း လိုအပ်လာသည်။ စိတ်ခံစားချက်များကို နားလည်ပေးသူလည်း ရှိနေသင့်သည်။ ဖေးမကူညီပေးတတ်သူလည်း အနားမှာ ရှိနေပေးရန်လိုအပ်လိမ့်မည်ဟု ဘိုးကြင်ပြုံး ထင်မိသည်။ ရပ်ရွာရှိလူတွေက ဘိုးကြင်ပြုံးကို ပြောကြသည်။

"ဘိုးကြင်ပြုံးက အိုကံကောင်းတယ်နော်။ သားသမီးအတွက်လဲ မပူရဘူး။ ဘုရားသွားကျောင်းတက်လဲ မပျက်ဘူး"

(၂)

"ဟော ကြင်ပြုံး ဘုန်းကြီးကျောင်းလား"

အေး တင်အောင်။ မင်းကော ဘုန်းကြီးကျောင်းကိုပဲလား"

"ဟုတ်တယ်။ အိမ်မှာနေရတာ နားမချမ်းသာလို့ကွာ"

ဘိုးကြင်ပြုံးနှင့် ဘိုးတင်အောင် ဘုန်းကြီးကျောင်းဆီသို့ ခပ်မှန်မှန်လမ်းလျှောက်လာခဲ့ကြသည်။

ဘိုးတင်အောင်သည် ဘိုးကြင်ပြုံးနှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သောကြောင့် သက်တူရွယ်တူဖြစ်သည်။ ဘိုးတင်အောင်က အိမ်ထောင်သည် သမီးနှင့် အတူနေသည်။ နေ့စဉ် မြေထိန်းရသူဖြစ်သည်။ မြေးမထိန်းရသောနေ့တွင် ဘုန်းကြီးကျောင်းသို့ ရောက်နေတတ်သည်။ ဘုန်းကြီးကျောင်းသွားရာလမ်းက ဆိုင်ကယ်နှင့် ခရီးသွားလာသူများသဖြင့် သတိထားလျှောက်လာခဲ့ကြသည်။

"တို့တစ်တွေလဲ အသက်ကြီးလာတော့ အိုပယ်ဘဝရောက်နေပြီ ကြင်ပြုံးရေ"

ဝမ်းနည်းသံရောစွက်ထားသည့် ဘိုးတင်အောင်ကို ဖိုးကြင်ပြုံး ကြည့်မိသည်။ ဘိုးတင်အောင်ငယ်စဉ်က အလွန်ခံ့ညားသူဖြစ်သည်။ ရွာက မိန်းမပျိုများ၏ စိတ်ကူးယဉ်မင်းသားတစ်ပါးဖြစ်ခဲ့သည်။ မိဘများကလည်း လယ်ပိုင်ယာပိုင်မျိုးရိုးဖြစ်သောကြောင့် ဝတ်နိုင်စားနိုင်ခဲ့သူဖြစ်သည်။ မိဘများမရှိကြသောအခါ မောင်နှမများ အမွေခွဲကြသည်။ ယခုလည်း ဘိုးတင်အောင်က သူ့သားသမီးများကို အမွေခွဲပေးခဲ့ပြန်သည်။ ဘိုးတင်အောင်အတွက် လက်ကျန်ပစ္စည်း အချို့ကို သမီးထံအပ်ကာ သမီးနှင့်အတူနေသည်။

"ကျုပ်ပြောတာ ကြားရဲ့လား ကြင်ပြုံး"

"ကြားပါတယ်ဗျာ။ ဒီလိုပဲပေါ့ဗျာ နိုင်တာလေး ဝိုင်းကူ၊ ကျွေးတာလေးစား၊ ကျန်းမာအောင်သာနေပါ တင်အောင်ရေ၊ စိတ်သွားတိုင်းကိုယ်မပါတော့တဲ့ ဘဝမှာ ကျုပ်တို့ဖြစ်ချင်တာတွေကို ဦးစားပေးနေလို့ မရတော့ဘူးလေ"

သို့နှင့်ဘိုးကြင်ပြုံးတို့နှစ်ယောက်လည်း ဘုန်းကြီးကျောင်းသို့ ရောက်လာခဲ့ကြသည်။

"နေပါအုံး တင်အောင် မင်းက ဘာစိတ်ညစ်စရာရှိလို့လဲ။ ငွေကြေးလဲအဆင်ပြေ သမီးကလဲ မင်းလိုချင်တာ ဖြည့်ဆည်းပေးနေတာပဲလေ"

"အဲဒါ မင်းအမြင်လေ ကြင်ပြုံးရေ"

"ပြောပါအုံး ဘာဖြစ်လို့လဲ""

"တစ်ခါတလေ သိမ်းဆည်းလိုက်ရတဲ့ စကားလုံးတွေ၊ ပယ်ဖျက်လိုက်ရတဲ့ခံစားချက်တွေ၊ အမာရွတ်မဲ့နေတဲ့ဒဏ်ရာတွေက ဘာဆေးနဲ့ကုကု မပျောက်ဘူး ကြင်ပြုံးရေ၊ ဟိုရက်က ငါ ပင်စင်ထုတ်တယ်။ လစဉ်သမီးကို တစ်သိန်းပေးတယ်။ အခုလ ငါလဲ ငါးသောင်းပဲ ပေးလိုက်တယ်ကွာ။ သမီးက ဘာပြောတယ်မှတ်လဲ။ ကျန်တဲ့ငါးသောင်းက ဘယ်တော့ပေးမှာလဲတဲ့"

အသံတိတ်သွားသည့် ဘိုးတင်အောင်ကို ဘိုးကြင်ပြုံး စောင်းငဲ့ကြည့်မိသည်။ ဘိုးတင်အောင်၏ မျက်လုံးများက ဝမ်းနည်းစိတ်ကို ဖုံးဖိထားသည်။ မျက်နှာအမူအရာက ဝေဒနာတစ်ရပ်ကို မောင်းထုတ်နေသည်ဟု ဘိုးကြင်ပြုံး ခံစားမိသည်။ ဘိုးတင်အောင်က အငေးကိုမျှော်ကြည့်ပြီး ဆက်ပြောနေပြန်သည်။

"ကျုပ်လဲ လူမှုရေးဆိုတာ ရှိတယ်လေ။ ကျုပ်စားချင်တာလေးဝယ်စားချင်တယ်။ ကျုပ်မြေးလေးတွေက ဘိုးဘိုးမုန့်ဖိုးပေးပါဆိုရင် ကျုပ်ပေးချင်တာပေါ့ဗျာ"

"သိပ်မှန်တာပေါ့ တင်အောင်။ ကျုပ်တို့လို အသက်ကြီးရွယ်အိုတွေမှာလဲ နှလုံးသားရှိတယ်။ ခံစားချက်ရှိတယ်ဆိုတာ သားသမီးတွေက မေ့နေကြတာလား။ မေ့ထားကြတာလား ကျုပ်ဖြင့် မတွေးတတ်တော့ဘူးဗျာ"

"ကျုပ်မြေးအကြီး ဆယ်တန်းအောင်တော့ ကျုပ်ဖြင့်ဝမ်းသာလိုက်တာ။ စုထားတာလေးနဲ့ မြေးအတွက် ဂုဏ်ပြုလက်ဆောင်ဝယ်ပေးတော့ ချွေးမက ဘာပြောတယ်မှတ်လဲ ကြင်ပြုံး"

ဆွေးမြည့်လွန်းလှသည့် ဘိုးတင်အောင် အသံကြောင့် ဘိုးတင်အောင်ပခုံးလေးကို ဘိုးကြင်ပြုံး ကိုင်ထားလိုက်မိသည်။

"ဘာပြောလို့လဲ တင်အောင်။ မြေးအတွက် အဘိုးဖြစ်သူကဂုဏ်ပြုတာ အပြစ်ဆိုစရာလား"

"အဖေတို့များ ပိုက်ဆံရှိလားမေးရင် ဘယ်တော့မှ အသံမထွက်ဘူး။ အခုကျ ဘယ်အပေါက်က ထွက်လာလဲမသိဘူး။ သမီးတို့အပေါ် မသန္တိရင်လဲ လူပြော

**❖မိသားစုတစ်စု၏ဘဝကို မြစ်တစ်စင်းဟု တင်စားချင်သည်။ အချို့မိသားစုတွေက မြစ်ကျဉ်းထဲမှာနေကြသည်။ မြစ်ကျဉ်းလျှင် ရေစီးသန်သည့်ဒဏ်ကို ခံကြရသည်။ အချို့မိသားစုများက မြစ်ပြင်ကျယ်ပြန့်ကြသည်။ မြစ်ပြင်ကျယ်သောမိသားစုများက လှိုင်းဒဏ်ပိုခံနေရတတ်သည်။ ဘိုးကြင်ပြုံး၏ မိသားစုက မြစ်ကျဉ်းလည်း မဟုတ် မြစ်ပြင်ကျယ်အဖြစ်လည်း မရပ်တည်။ ထို့ကြောင့် ရေစီးသံကိုလည်း မတွန်းလှန်ခဲ့ရ။ လှိုင်းဒဏ်ကိုလည်း မကျော်လွှားရပေ။ ထိုအဖြစ်နှင့် ကြုံတွေ့နေရသောအခါ ထိုမြစ်ကို....။ ❖**

ခံရအောင်မနေနဲ့တဲ့ဗျာ"

"ဖြစ်ရလေဗျာ။ သားက ဘာမှဝင်မပြောဘူးလား"

"ဝင်ပြောပါ့ဗျာ။ အဖေလဲ အပြုအမူလေး၊ အနေအထိုင်လေး ဆင်ခြင်တဲ့"

လေတစ်ချက်အဝှေ့တွင် ထွက်ပေါ်လာသော ရွှာဦးကျောင်းစေတီက ဆည်းလည်းသံက နားဝင်ချိုလှသည်။ ကျွန်တော်နှင့်တင်အောင်၏ ရင်ထဲမှာတော့ တစ်ဦးရင်တွင်းကို တစ်ဦးမြင်နေရသကဲ့သို့ အကြည့်ချင်းဆုံလျက် ပြိုင်တူပြုံးလိုက်မိကြသည်။

(၃)

"ဟော မခင်စိန် ဘယ်ကိုသွားမလို့လဲ။ မျက်နှာလဲ မကောင်းပါလား"

မခင်စိန်က ဘိုးကြင်ပြုံးနှင့် သုံးအိမ်ကျော်တွင် နေသည်။ သားလင်မယားနှင့် အတူနေထိုင်သည်။ သားကလည်း အလုပ်အကိုင်ကို ကောင်းကောင်း မလုပ်။ ရရစားစားနှင့် အသောက်ကလေးလည်း ပါတတ်ပြန်သည်။ ချွေးမလုပ်သူကလည်း သူ့သောကနှင့်သူမို့ ယောက္ခမဖြစ်သူ မခင်စိန်ကို ဂရုစိုက်အား။ တစ်ခါတစ်ရံ သားဖြစ်သူမူးလာလျှင် မခင်စိန် သောကများနေတတ်သည်ကို ဘိုးကြင်ပြုံး မြင်တွေ့နေရသည်။

"အိုကံကောင်းကြီး ကြင်ပြုံး။ ဘာဖြစ်ရမလဲ ကိုကြင်ပြုံးရယ်။ ပြောလဲမပြောချင်ဘူး။ မပြောပြန်လည်း ရင်ထဲမျိုချထားရတာကြာတော့ ရင်ပြည့်သလိုဖြစ်တယ်။ ဘဝတွေကိုက ဆိုးလွန်းနေတာပါ"

မခင်စိန်၏ မျက်ဝန်းများက မှုန်ပုပုဖြစ်နေသော်လည်း သောကပင်လယ်ဝေနေမှုန်း သိသာလှသည်။ မခင်စိန်၏ဘဝသည် ဒုက္ခနှင့် ဆွေမျိုးတော်စပ်နေသည်။ ယောကျ်ားရှိစဉ်က ယောကျ်ားပေးသော ဒုက္ခကို ခါးစောင်းတင်ခံခဲ့ရသည်။ ယခု သားဖြစ်သူပေးသော သောကကိုလည်း ခံနေရပြန်သည်။

"ဝဋ်ကြွေးလို့ပဲ သတ်မှတ်လိုက်ပါ မခင်စိန်ရယ်။ ဒီဘဝမှာ အကျေသာဆပ်ပါတော့"

"ဆပ်လို့ကိုမကျေဘူး ကိုကြင်ပြုံးရေ၊ အခု အသက်အရွယ်ရောက်မှ မြေးထိန်းရတာလဲ မလွယ်လှဘူး။ အခုလဲ မြေးအတွက် သေးခံအဝယ်လွှတ်လို့ သွားဝယ်မလို့တော်ရေ၊ သွားပြီ ကြာနေလို့ အိမ်ကြီးရှင် ချွေးမက အမျက်တော်ထွက်နေမယ်"

လက်ကျန်စကားလုံးများကိုမြိုချလျက် ခပ်သုတ်သုတ်ထွက်သွားသည့် မခင်စိန်ကိုကြည့်ကာ ဘိုးကြင်ပြုံး တီးတိုးစကားဆိုလို့ ကျန်ခဲ့သည်။

"မြိုချလက်စနဲ့ မြိုချထားလိုက်ပါ မခင်စိန်ရေ၊ ကျုပ်တို့က အိမင်းမစွမ်းတော့ အလေးမထားကြတော့ပေမဲ့ လိုအပ်တဲ့အခါ အသုံးချခံနေရအုံးမှာပဲ"

(၄)

ဘိုးကြင်ပြုံး မှန်တင်ခုံရှေ့က ထိုင်ခုံတွင် ထိုင်လိုက်သည်။ မှန်ထဲတွင်မြင်နေရသည့် သူ့မျက်နှာကို မျက်တောင်မခတ်ဘဲ စေ့စေ့ကြည့်နေလိုက်မိသည်။ နှုတ်ခြင်းတွေက တိုက်စားခံခဲ့ရလေပြီ။ ဇရာသဘောကို နားလည်ဟန်ဖြင့် ပြုံးလိုက်သည်။ ဇရာကိုလည်း လက်ခံသည်။ ထို့ကြောင့် အသက် ၇၀ အမျိုးသားတစ်ယောက်ဆိုတာ လူအိုကြီးတစ်ယောက်ဖြစ်သွားပြီဆိုတာ ဘိုးကြင်ပြုံး ကောင်းကောင်းသိနေသည်။

"အဖေကလဲဗျာ အသက်ကြီးမှ ဝက်သက်ပေါက်ချင်နေတယ်။ အိုကြီးအိုမနဲ့မှန်ရှေ့ထိုင်ပြီး ဘာများပြင်ဆင်နေရတာလဲ"

စာမျက်နှာ ၂၅ သို့ ➤

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၀၀၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ကျောက်မြောင်း ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း စပါးဧက ၄၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးမြစ်ချင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၅၅၀၀၀ သာပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှတင်ပို့ရောင်းချသည့် ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်လျက် ရှိကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇွန်လထဲမှာလဲ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက ငါးမြစ်ချင်းတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကတင်ပို့ရောင်းချတာပါ။ ရေထွက်ကုန်တွေကို ကုန်တင်ယာဉ်တွေနဲ့ အများဆုံး တင်ပို့ ရောင်းချနေပါတယ်''ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဘေးဘယာတွေ ဝေးပါစေ

\- ကမ္ဘာ အရပ်ရပ်
ဘယာကပ် အဖုံဖုံ၊
ကပ်အဆိုးဆိုး
အမျိုးမျိုးကြုံ၊
နေရာတကာက လူမျိုးစုံ
အပူဆိုးကြုံ ဘေးရန်များ
ရေအောက်နေ သတ္တဝါဘုံ
ကပ်အဖြာဖြာကြုံ စမ်းသပ်ငြား၊
ကပ်ဘေးတွေ အထွေထွေရောက်လို့
မြေပေါ်မှသည် ရေအောက်သို့တိုင်
သေပျောက်မှုများ။

\- အတ္တနဲ့ ပရ
မျှတမှု ညှိလူ့ဘောင်၊
ကပ်ဘေးလွန် စိမ်းလန်းလို့
ငြိမ်းချမ်းဖို့ဆောင်၊
ကမ္ဘာတစ်ဝန်း လှပအောင်
အလှဆောင် အလှဆောင်း၊
ပဿဒ စိမ်းလန်းဖြာလို့
ထာဝရ ငြိမ်းချမ်းသာဖို့
ကပ်ဘယာ ကပ်ဘေးမှ
ဝေးကြစေကြောင်း။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**
**စာပေဗိမာန်စာမူဆုရ**

## လှိုင်းဘွဲမြို့နယ် ရွာသာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

လှိုင်းဘွဲ ဇွန် ၇

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွာသာအေးကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရွာသာအေးကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ် ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

➤ စာမျက်နှာ ၂၄ မှအဆက်

သားဖြစ်သူအသံကြောင့် ဘိုးကြင်ပြုံး၏ စိတ်ကူးက လွင့်ပါးသွားသည်။

"ဘာရယ်မဟုတ်ပါဘူး သားရယ်၊ အဖေ..."

"ဘာမှမဟုတ်ဘူးဆို သွားတော့ဗျာ။ ကျွန်တော်ခေါင်းဖြီးမလို့"

စကားပင်အဆုံးမသတ်။ သားဖြစ်သူ၏ အကြည့်နှင့် စကားလုံးများကြောင့် မှန်တင်ခုံရှေ့မှ ဘိုးကြင်ပြုံး ထွက်လာခဲ့ပြီး အိမ်ရှေ့ကွပ်ပျစ်ပေါ် ထိုင်လိုက်သည်။

"အမယ်လေး လေညင်းခံနေတယ်ပေါ့။ ဖျားမှ ဘာဘာညာညာ ညည်းတွားအုံးမယ်။ စားဖို့ရှာရတာနဲ့ ဆေးဖိုးရှာရတာနဲ့၊ အနေအထိုင်လေးများဆင်ခြင်မှပေါ့ အဖေရယ်"

သမီးဖြစ်သူ၏ ထောမနာပြုသံက အနားကပ်ပါလာပြန်သည်။

"ကိုစိုးအေး ရှင်အဖေ့ကိုလဲပြောအုံး။ နေ့တိုင်းနီးပါး သူ့အိပ်ရာခင်းကို လျှော်ပေးနေရတာ။ လူလဲ ခါးစောင်းနေပြီ။ ဘယ့်နှယ်တော်"

ချွေးမဖြစ်သူစကားကြောင့် သားဖြစ်သူကို ဘိုးကြင်ပြုံး လှည့်မကြည့်နိုင်တော့။

"ဟူး"

သက်ပြင်းမောမောချကာ ရွာဦးကျောင်းသို့ထွက်လာခဲ့တော့သည်။

"ငါ ရွာဦးကျောင်း သွားတယ်"

ရွာက လူတွေက ပြောကြသည်။

"ဘိုးကြင်ပြုံး အိုဇာတာကောင်းတယ်"တဲ့။

ထိုစကားကို ပြောကြစဉ် ဘိုးကြင်ပြုံး၏ နွမ်းလျသည့်အပြုံးကို မည်သူမျှမမြင်ကြ။ သတိမထားမိကြ။ ဘိုးကြင်ပြုံးကလည်း ထိုစကားအတွက် အတိုက်အခံမပြောခဲ့ပေ။

"မြေးဖြစ်သူနဲ့မပျော်ရွှင်ရဘဲ သူစိမ်းဆန်စွာနေရတဲ့ဘဝ၊ သား သမီးပြောသမျှ ဘာမျှပြန်ပြောခွင့်မရဘဲ စကားလုံးတွေတစ်ဆို့နေရတဲ့ဘဝ၊ ကျွေးတာစားပြီး ငြိမ်နေရတဲ့ဘဝ။ ဘဝ ဘဝတွေထဲမှာ ကျုပ်လဲ ပါဝင်နေတယ်ဆိုတာ သူတို့မသိကြဘူးလေ"

ဘိုးကြင်ပြုံး၏စကားများက ရင်ဘတ်တစ်နေရာတွင် အရည်ပျော်သွားခဲ့လေသည်။

မိသားစုတစ်စု၏ဘဝကို မြစ်တစ်စင်းဟု တင်စားချင်သည်။ အချို့မိသားစုတွေက မြစ်ကျဉ်းထဲမှာနေကြသည်။ မြစ်ကျဉ်းလျှင် ရေစီးသန်သည့်ဒဏ်ကို ခံကြရသည်။ အချို့မိသားစုများက မြစ်ပြင်ကျယ်ပြန့်ကြသည်။ မြစ်ပြင်ကျယ်သောမိသားစုများက လှိုင်းဒဏ်ပိုခံနေရတတ်သည်။ ဘိုးကြင်ပြုံး၏မိသားစုက မြစ်ကျဉ်းလည်းမဟုတ် မြစ်ပြင်ကျယ်အဖြစ်လည်း မရပ်တည်။ ထို့ကြောင့် ရေစီးသံကိုလည်း မတွန်းလှန်ခဲ့ရ။ လှိုင်းဒဏ်ကိုလည်း မကျော်လွှားရပေ။ ထိုအဖြစ်နှင့် ကြုံတွေ့နေရသော အခါ ထိုမြစ်ကို.....။

# နိုင်ငံသားတာဝန်ကျေပွန်သော သားကောင်းရတနာများ

**ကုံကော်ဖြူ**

နိုင်ငံသားတိုင်းသည် မိမိတို့၏နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ဟု သတ်မှတ်ထားကြသည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ် စဉ် (၁၂)သို့ပင်ရောက်ရှိခဲ့ပြီး သင်တန်းအမှတ်စဉ် (၁၁)မှ သင်တန်းဆင်းပြည်သူ့စစ်မှုထမ်းများသည် သက်ဆိုင်ရာ တာဝန်ကျရာဒေသအသီးသီးတွင် တာဝန်များ ထမ်းဆောင်တော့မည်ဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းဥပဒေ**

ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုမှ အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေမဟုတ်ချေ။ မြန်မာနိုင်ငံတွင် ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်းဥပဒေရှိသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် ( ၂၇ /၂၀၁၀)ဖြင့် ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြင်ဆင်ပြီး သတ်မှတ်ခဲ့ပါသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေတွင် အခန်း ၈ ခန်းပါဝင်သည်။ နိုင်ငံသားတိုင်းအမျိုးသားဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၃၅ နှစ် မကျော်သေးသောသူများ၊ အမျိုးသမီးဆိုရင် အသက် ၁၈ နှစ်ပြည့်ပြီး ၂၇ နှစ် မကျော်သေးသောသူများ၊ ကျွမ်းကျင်ပညာရှင်များဆိုလျှင် အမျိုးသားအသက် ၁၈ နှစ်ပြည့်ပြီးအသက် ၄၅ နှစ် မကျော်သေးသောသူများ၊ အမျိုးသမီးအသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မကျော်သေးသောသူများသည် စစ်မှုထမ်းဆောင်ရန်အတွက် တာဝန်ရှိသည်။ စစ်မှုထမ်းဆောင်ရမည့်ကာလသည် ၂၄ လ (နှစ်နှစ်) ဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များသည် ၃၆ လ (သုံးနှစ်)ဖြစ်ပါသည်။

**မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည့် မွေးရာပါတာဝန်**

အရပ်သားတစ်ဦးသည် စစ်မှုထမ်းတစ်ဦးအဖြစ် ထမ်းဆောင်လိုက်ခြင်းအတွက် ဦးစွာခန္ဓာကိုယ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းကမ်းလိုက်နာဆောင်ရွက်တတ်မှု၊ မတူကွဲပြားသောလူအများ အချင်းချင်းချစ်ခင်စည်းလုံးစွာဆောင်ရွက်တတ်မှု၊ စိတ်ဓာတ်ခံယူချက်မြင့်မားလာမှုစသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။ ထို့ပြင် မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိနိုင်ငံကို တန်ဖိုးထားချစ်မြတ်နိုးသည့် စိတ်ဓာတ်များ ထွန်းကားလာမည်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို မိမိပါဝင်မစောင့်ရှောက်လျှင် အဖျက်အမှောင့်အနှောင့်အယှက် စသည့်အဖျက်အင်အားများကြီးမားလာပါက မိမိတို့ မြို့ရွာ၊ မိမိတို့ပြည်သူ၊ မိမိတို့တိုင်းပြည်ပင် ပျက်စီးခြင်းသို့ရောက်နိုင်ပြီး နောက်ဆုံးတွင် ပြည်သူများပင် ဒုက္ခဆင်းရဲ ပျက်စီးခြင်းအဖြစ်သို့ ရောက်နိုင်သဖြင့် နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ပေးရမည့်တာဝန်ကို မွေးရာပါတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

**နိုင်ငံအများစုတွင် အကောင်အထည်ဖော်လျက်ရှိသောစစ်မှုထမ်းဥပဒေ**

စစ်မှုထမ်းဥပဒေကိုနိုင်ငံအများစုတွင် အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံကာကွယ်ရေးအင်အားတောင့်တင်းအောင် ပြုလုပ်လျက်ရှိကြသည်။ စစ်မှုမထမ်းမနေရဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်နေသည့်လက်ရှိ ၁၈ နိုင်ငံရှိသည်။ အဆိုပါနိုင်ငံများသည် ဩစတြေးလျ၊ ဂျာမနီ၊ အီရန်၊ မလေးရှား၊ မက္ကဆီကို၊ နော်ဝေ၊ ရုရှား၊ စင်ကာပူ၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူကီယဲ၊ ထိုင်း စသည့်နိုင်ငံများဖြစ်သည်။ တချို့နိုင်ငံများတွင် စစ်မှုမထမ်းမနေရစနစ်ကို အပျော်တမ်းတပ်ဖွဲ့များ၊ အမြဲတမ်းမဟုတ်သောတပ်ဖွဲ့များ စသည့်ပုံစံတို့ဖြင့် တာဝန်ထမ်းဆောင်နေကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် စစ်မှုထမ်းဆောင်ခြင်းဆိုသည် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ပြည်သူအားလုံးမှာ တာဝန်ရှိသဖြင့် ပြဋ္ဌာန်းချက်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုးနှင့် ပြဋ္ဌာန်းသက်ဝင်လှုပ်ရှားနေကြသည်။ စစ်မှုထမ်းဥပဒေကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၉၁ ခုနှစ်ကတည်းက စတင်ပြဋ္ဌာန်းကျင့်သုံးနေပြီး အရွယ်ရောက်ပြီးသည့် အမျိုးသား ၁၈ နှစ်အထက်နဲ့ အရွယ်ရောက်ပြီးတဲ့ အမျိုးသမီး ၂၀ နှစ်အထက် ကျန်းမာရေးကောင်းမွန်သူအကုန်လုံးသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တပ်သားသစ်စာရင်းသွင်းပြီး သင်တန်းပေးလေ့ကျင့်ကာ စစ်မှုထမ်းတာဝန်သုံးနှစ်ထမ်းဆောင်ရသည်။ ထို့ပြင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် အမျိုးသားအားလုံးတပ်မတော်မှာ တာဝန်ထမ်းဆောင်ရမည်ဟု ပြဋ္ဌာန်းထားတာရှိသည်။ စင်ကာပူနိုင်ငံတွင်လည်း အမျိုးသားစစ်မှုထမ်းမှုဥပဒေကို ၁၉၆၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အသက် ၁၈ နှစ် ပြည့်ပြီးတဲ့သူတိုင်း နှစ်နှစ်စစ်မှုထမ်းတာဝန်ထမ်းဆောင်ရသည်။

**ပြည်သူ့စစ်မဟာဗျူဟာ**

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံမှာကျင့်သုံးခဲ့သည့် စစ်မဟာဗျူဟာသည် ပြည်သူ့စစ်မဟာဗျူဟာဖြစ်သည်။ မြန်မာနိုင်ငံနှင့်အသင့်တော်ဆုံးပြည်သူ့စစ်မဟာဗျူဟာကို ၁၉၆၄ ခုနှစ် တပ်မတော်တပ်မှူးများညီလာခံမှစတင်ပြီး အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့ကြသည်။ ၁၉၆၇ ခုနှစ်တွင် ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲခဲ့ပြီး တပ်မတော်၏ စည်းရုံးနိုင်မှုစွမ်းရည်ဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ပြည်ပကျူးကျော်မှုဖြစ်သည့် တရုတ်ဖြူကွန်မင်တန်ကျူးကျော်စစ်၊ ပြည်တွင်းသောင်းကျန်းမှုတို့ကို မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသများ၌ ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးဆောင်ရွက်ခဲ့သောကြောင့် တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိခဲ့ပါသည်။

လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်ကိုထိခိုက်ပျက်စီးစေလိုသည့် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်သူများ၊ နိုင်ငံရေးအရအစွန်းရောက်သူများ၏ ပယောဂများကြောင့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်နေကြသည်။ နိုင်ငံတော်၏အဖိုးတန် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင်ပါဝင်မှုမရှိဘဲ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေသည့် လမ်းကြောင်းအမှားပေါ်သို့ ရောက်ရှိနေသည်မှာ နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပေါ်အောင် လှုံ့ဆော်နေသူများ၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံ့အရေးကိုဆောင်ရွက်နေခြင်းမဟုတ်ဘဲ တိုင်းပြည်၏ အနာဂတ်ပျက်စီးအောင်ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံးတူညီသည့် အခွင့်အရေးများပေးထားပြီးဖြစ်သော်လည်း နိုင်ငံရေးကို သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းမရှိသောကြောင့် ယခုကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်နေခြင်းဖြစ်သည်။

**ပြည်သူများအထင်အမြင်လွဲမှားစေရန် မမှန်သတင်းများပျံ့နှံ့**

ထို့ပြင် အွန်လိုင်းမီဒီယာများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းနှင့် စပ်လျဉ်းသည့်သတင်းမှန်များနှင့် သတင်းအမှားများစွာတို့သည် ရောနှောပျံ့နှံ့လျက်ရှိရာ ပြည်သူလူထုအတွင်း အဆိုပါသတင်းများရိုက်ခတ်ခြင်းကြောင့် စစ်မှုထမ်းဆင့်ခေါ်မှု၏ပုံရိပ်ကို ထိခိုက်စေသည်။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းအပေါ် အကြမ်းဖက် အဖျက်သောင်းကျန်းသူများနှင့် ပြည်ပလက်ဝေခံ ပြည်ဖျက်မီဒီယာများက မမှန်မကန်အပုပ်ချကာ ပြည်သူများအထင်အမြင်လွဲမှားစေရန်၊ စိတ်ဓာတ်ပျက်ပြားစေရန် ပြုလုပ်လျက်ရှိရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းနှင့်စပ်လျဉ်း၍ မသမာမှုများနှင့် အဂတိမှုများ ကင်းရှင်းရေး၊ ဥပဒေ၊ နည်းဥပဒေများနှင့် အညီအညွတ်ဖြစ်စေရေး၊ စနစ်တကျဖြစ်စေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများအပေါ် မယုံရန်လိုအပ်သည်။ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းများ ပြုလုပ်နိုင်သည့် ဖုန်းနံပါတ်များ စသည်တို့ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပေးထားရာ သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် သတင်းပို့ခြင်းတို့ကိုလည်းပြုလုပ်နိုင်သည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်နှင့်အညီ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ခြင်းသည် ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်၊ ကျေး၊ မြို့နယ်၊ ခရိုင် စသည့်အဆင့်ဆင့်သောတာဝန်ရှိသူများ၏ အခန်းကဏ္ဍမှာအရေးကြီးသည့်အလျောက် မသမာမှု၊ အဂတိလိုက်စားမှုများကင်းရှင်းရန် လိုအပ်မည်ဖြစ်ပြီး မမှန်မကန်ဆောင်ရွက်မှုများရှိမည်ဆိုပါက ပြည်သူလူထုအတွင်း ဝေဖန်ပြောဆိုမှုများနှင့် တိုင်တန်းမှုများဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များသည် ပြည်သူ့စစ်မှုထမ်းများကိုဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်းသာ ဆင့်ခေါ်ရမည်ဖြစ်ပါသည်။

မိမိနိုင်ငံ၊ မိမိမြို့၊ မိမိရပ်ရွာ၊ မိမိ မိသားစုကိုတန်ဖိုးထားချစ်မြတ်နိုးသည့် စိတ်ဓာတ်များဖြင့် တပ်မတော်တွင်တာဝန်ထမ်းဆောင်လာကြသော ပြည်သူ့စစ်မှုထမ်းသားကောင်းရတနာများသည် နိုင်ငံတော်က ဂုဏ်ယူတန်ဖိုးထားရပြီး နိုင်ငံသား၏တာဝန်ကိုကျေပွန်သောနိုင်ငံ့သားကောင်း၊ စစ်သည်တော်ကောင်းများဖြစ်ပါကြောင်းကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- https://www.moi.gov.mm/news/51961 (ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်)
- မြဝတီနေ့စဉ်ထုတ်သတင်းစာ

❖နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို မိမိပါဝင်မစောင့်ရှောက်လျှင် အဖျက်အမှောင့်အနှောင့်အယှက် စသည့်အဖျက်အင်အားများကြီးမားလာပါက မိမိတို့မြို့ရွာ၊ မိမိတို့ပြည်သူ၊ မိမိတို့တိုင်းပြည်ပင်ပျက်စီးခြင်းသို့ရောက်နိုင်ပြီး နောက်ဆုံးတွင် ပြည်သူများပင် ဒုက္ခဆင်းရဲ ပျက်စီးခြင်းအဖြစ်သို့ရောက်နိုင်သဖြင့် နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ပေးရမည့်တာဝန်ကို မွေးရာပါတာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ❖

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၂၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၂၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၅၇၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၂၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ တန့်ဆည်မြို့နယ်အတွင်း မြေပဲကေ ၃၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော၊ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကြို့ပင်ကောက် ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်လမ်းမြေနီခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ချောင်းနားကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀၄ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နေလှန်းဆားပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြတ်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဒေသထွက်နေလှန်းဆား ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း နေလှန်းဆား ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း နေလှန်းဆား ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ အခုလို နေလှန်းဆား အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး



အဆင်ပြေလာပါတယ်''ဟု ငပုတောမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြတ်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၉၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖာပွန် ဇွန် ၇**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တံတားဦးကျေးရွာ၊ ကျွန်းတောကျေးရွာနှင့် ဝါးဒူးကျေးရွာအတွက် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၆ ရက် နံနက်ပိုင်းက တံတားဦးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၃၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၃၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# သဲကုန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**သဲကုန်း ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို ဇွန် ၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဌေးလွင်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် သဲကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းသို့ သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာများက စာတွေ့လက်တွေ့ဖြင့် ဇွန် ၆ ရက်မှ ၂၀ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**



# အဆိပ်သင့်စေနိုင်သော အသီးများ

ခိုင်ဇင်

ကျွန်ုပ်တို့စားနေတဲ့ အသီးအနှံတွေ အတော်များများဟာ အာဟာရ ဓာတ်တွေနဲ့ပြည့်ဝနေတတ်ပေမဲ့ အသီးအားလုံး ကောင်းကျိုးရှိတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ အဆိပ်သင့်တတ်တဲ့ အသီးတွေလဲရှိပါတယ်။ ဒါကြောင့် အစားမတော်တစ်လုပ်ဆိုတာမျိုး မဖြစ်ရလေအောင် အဆိပ်သင့်စေနိုင်တဲ့အသီးတွေကို သတိမပြုမိဘဲ ဒူးယူမိစားသုံးမိရာမှ အန္တရာယ်မဖြစ်စေဖို့အတွက် ဒီအပတ်မှာတော့ အဆိပ်သင့်စေတတ်တဲ့ အသီးတွေထဲက အချို့ကို ထုတ်နုတ်ဖော်ပြသွားပါမယ်။

**လိုက်ချီးသီး**



လိုက်ချီးသီးဟာ လူကြီးရော ကလေးပါကြိုက်တဲ့ အသီးလို့ဆိုရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နေရာအတော်များများမှာ ပေါက်ရောက်ပြီး ဗီတာမင်စီဓာတ်ကြွယ်ဝပါတယ်။ လိုက်ချီးသီးဟာ အရောင်အဆင်းအနေနဲ့လဲ အနီရောင်သန်းကာ အရောင်အဆင်း၊ အနံ့အရသာနဲ့ ပြည့်စုံတာကြောင့် လူကြိုက်များတာဖြစ်ပါတယ်။ လိုက်ချီးသီးဟာ အမှည့် မလွန်မီမှာ စားပေးသင့်ပါတယ်။ အမှည့်လွန်ပြီးအချိန်မှ စားမယ်ဆိုရင် လူကိုအဆိပ်သင့် စေနိုင်တယ်ဆိုတာကို သတိပြုရပါတယ်။ လိုက်ချီးသီး အမှည့်လွန်သွားတဲ့အခါ Methylene Cyclopropyl-Glycine (MCPG) လို့ခေါ်တဲ့ အဆိပ်အတောက်ဓာတ်တွေ ထွက်လာပါတယ်။ ဒါကြောင့် အမှည့်လွန်လိုက်ချီးသီးတွေကို အလွန်အကျွံစားသုံးမိမယ်ဆိုပါက ဦးနှောက်ပိုင်းဆိုင်ရာကို ထိခိုက်စေရာကနေ ဦးနှောက်ရောင်ရောဂါဖြစ်စေမှုနဲ့ဆက်စပ်တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ National Institute of Health (NIH) မဂ္ဂဇင်းတွင် ဖော်ပြခဲ့တဲ့ လေ့လာမှုအရ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်း လိုက်ချီးသီးကို စီးပွားဖြစ်စိုက်ပျိုးတဲ့ ဘီဟားပြည်နယ်မှာဆိုရင် လိုက်ချီးသီးအဆိပ်သင့်မှုကြောင့် သေဆုံးတာတွေ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး လိုက်ချီးသီးအဆိပ်သင့်မှုဖြစ်စေတဲ့ အဓိကအကြောင်းကတော့ MCPG ဓာတ်ကြောင့်လို့ ဖော်ပြခဲ့ပါတယ်။

**သေမင်းပန်းသီး**



သေမင်းပန်းသီးလို့ လူသိများတဲ့ မန်ချင်းနီးသီးဟာ အစိမ်းရင့်ရောင်ရှိတဲ့ အသီးတစ်မျိုးဖြစ်ပြီး ၎င်းရဲ့အဆင်း၊ အနံ့နဲ့အရသာဟာ ပန်းသီးနဲ့ အတော်လေးဆင်တူပါတယ်။ အဲဒီအသီးကိုခူးချိန် အသီးကထွက်တဲ့ အစေးဟာ အရေပြားပေါ်ကျပါက ပြင်းထန်တဲ့မီးလောင်ဒဏ်ရာလို အနာဖြစ်စေကာ အင်မတန်ပြင်းထန်တဲ့နာကျင်မှုကို ခံစားရစေပါတယ်။ အဲဒီအသီးမှာပါတဲ့အစေးက အဆိပ်ရှိတာဖြစ်တာကြောင့် ၎င်းအသီးကိုလဲ အဆိပ်ရှိတဲ့အသီးအဖြစ်သတ်မှတ်ကြပါတယ်။ အဲ့ဒီအသီးဟာ အဆင်းအနေနဲ့အလွန်လှပပြီး ပန်းသီးစိမ်းလို့ထင်ကြတာကြောင့် ကလေးတွေဟာ ခူးယူလေ့ရှိတဲ့အတွက် ကလေးအများစုဟာ အဲဒီအသီးရဲ့အစေးလောင်ကြတာများပါတယ်။ ၎င်းအသီးကို ကာရေဘီယံ၊ မက္ကဆီကို၊ တောင်အမေရိကနဲ့ဖလော်ရီဒါပြည်နယ်တောင်ပိုင်းဒေသတွေမှာ အများဆုံးတွေ့ရပါတယ်။ အသီးရဲ့အစေးကို ထိတွေ့ကိုင်တွယ်မိတာ၊ စားသုံးမိတာတွေကြောင့် အရေပြား၊ အစာအိမ်နဲ့အူလမ်းကြောင်းမှာ အပူလောင်အနာတွေဖြစ်ရာကနေသေဆုံးသည်ထိ ဖြစ်စေနိုင်ပါတယ်။ ၎င်းအသီးရဲ့အစေးအဆိပ်ဟာ ကားကိုယ်ထည်ကိုကျတဲ့အခါ ဆေးတွေစားပြီးပျက်ကုန်တဲ့ထိ ပြင်းပါတယ်။

**ချယ်ရီသီး**



ချယ်ရီသီးဟာ ပုံမှန်အားဖြင့်တော့ ဗီတာမင်စီဓာတ်ကြွယ်ဝတဲ့အသီးဖြစ်ပါတယ်။ ၎င်းအသီးကို ကိတ်မုန့်နဲ့အချိုပွဲတချို့မှာ အသုံးပြုကြပါတယ်။ အဲ့ဒီလိုအသုံးပြုတဲ့အခါမှာ အသီးထဲကအစေ့ကိုဖယ်ထုတ်ပြီး အညှာကိုအလှဆင်ပြင်တပ်ထားတာကို သတိထားမိကြမှာပါ။ ဘာလို့ချယ်ရီသီးရဲ့အစေ့ကို အရင်ဖယ်ထုတ်ရတာလဲဆိုရင် အစေ့မှာ အဆိပ်ပါတဲ့အတွက်ဖြစ်ပါတယ်။ ချယ်ရီသီးရဲ့အစေ့မှာ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်ဓာတ်ပါတာကြောင့် မတော်တဆစားမိပါက အစာအိမ်နဲ့အူလမ်းကြောင်းကိုထိခိုက်စေပြီး အသက်သေဆုံးသည်အထိ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ Research Gate မဂ္ဂဇင်းမှာထုတ်ဝေခဲ့တဲ့ လေ့လာမှုတစ်ခုအရ ချယ်ရီသီးထဲမှာပါတဲ့အစေ့တွေမှာ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်ဓာတ်ပါပြီး အစေ့တစ်စေ့၊ နှစ်စေ့လောက်ကို မတော်တဆစားမိပါက အန္တရာယ်မရှိပေမဲ့ ထိုပမာဏထက်များပါက တက်တာ၊ အသက်ရှူကျပ်တာတွေကနေ နှလုံးခုန်ရပ်တန့်ပြီးသေဆုံးသည်ထိ ဖြစ်စေနိုင်ပါတယ်။

**စောင်းလျားသီး**



စောင်းလျားသီးဟာ ကမ္ဘာတစ်ဝန်းမှာ တွေ့ရတဲ့အသီးဖြစ်ပါတယ်။ အရည်ရွှမ်းပြီး ချဉ်ဖြုံဖြုံအရသာရှိကာ လှီးဖြတ်လိုက်တဲ့အခါ ကြယ်ပုံသဏ္ဌာန်နဲ့ဆင်တူတာကြောင့်လဲ ကြယ်သီးလို့ခေါ်ကြပါတယ်။ အမျိုးသားကျန်းမာရေးအင်စတီကျု (NIH) ဝက်ဘ်ဆိုဒ်တွင် ထုတ်ဝေခဲ့တဲ့ လေ့လာမှုအရ ၎င်းစောင်းလျားသီးမှာ ကယ်လ်စီယမ်ဓာတ် အတော်ကြွယ်ဝစွာပါတာကြောင့် အစားများရင် ကျောက်ကပ်ကျောက်တည်တာနဲ့ ကျောက်ကပ်ပျက်စီးတာတွေဖြစ်စေပါတယ်။ ဒါကြောင့် ကျောက်ကပ်ရောဂါအခံရှိသူတွေအနေနဲ့ စောင်းလျားသီးဟာ စားသုံးဖို့မသင့်တဲ့အသီးဖြစ်ပါတယ်။

**ကြက်ဆူသီး**



ကြက်ဆူပင်ဟာ ကမ္ဘာတစ်ဝန်းရှိ အပူပိုင်းဒေသအတော်များများမှာ ပေါက်လေ့ရှိတဲ့အပင်ဖြစ်ပါတယ်။ ကြက်ဆူပင်ကသီးတဲ့ ကြက်ဆူသီးဟာ ချိုပြီး တောက်ပတဲ့ အဝါရောင်ရှိပါတယ်။ ကြက်ဆူသီးဟာလဲ အသီးထက်ထိုအသီးမှာပါတဲ့ အစေ့မှာ ရိဆင်လို့ခေါ်တဲ့အဆိပ်ဓာတ်ပါပါတယ်။ အဲဒီအစေ့ကို စားမိပါက အော့အန်တာ၊ ဝမ်းလျှောတာ၊ ဝမ်းဗိုက်နာတာအပြင် ရင်ပူတာကိုပါဖြစ်စေနိုင်ပါတယ်။ ကြက်ဆူသီးစားမိပြီး အိန္ဒိယနိုင်ငံမှာတော့ အဆိပ်သင့်တဲ့ ကလေးတွေအများကြီးရှိခဲ့တယ်လို့လဲသိရပါတယ်။ International Journal of Medical Research and Review မဂ္ဂဇင်းကထုတ်ဝေထားတဲ့ လေ့လာမှုတစ်ခုအရ ၂၀၀၄ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းက ကလေးငယ်တွေမှာ ကြက်ဆူအဆိပ်သင့်မှုပေါင်း ၁၆၉ ခု ဖြစ်ပွားခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ၎င်းကြက်ဆူအဆိပ်သင့်မှုအများဆုံးဖြစ်ခဲ့တဲ့နေရာကတော့ ဇီဝဒီဇယ်ထုတ်လုပ်ဖို့အတွက် ကြက်ဆူပင်များစွာ စိုက်ပျိုးထားတဲ့ ချဟာတစ်ဂါပြည်နယ်ရဲ့ ဘီလပ်ပူးခရိုင်မှာ ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

**ကလွာသီး**



ကလွာသီးဟာ အလွန်နူးညံ့ပြီးအစိမ်းရောင်ရှိပါတယ်။ အသီးထဲမှာ အစေ့ဟာ တစ်စေ့ကနေ နှစ်စေ့ထိသာရှိတတ်ပါတယ်။ ကလွာသီးရဲ့ အစေ့ဟာ အဆိပ်ရှိတာကြောင့် အရှေ့တောင်အာရှမှာ လူနဲ့တိရစ္ဆာန်တွေအတွက် အန္တရာယ်ရှိတဲ့အသီးလို့ လူသိများပါတယ်။ ကလွာသီးရဲ့ အစေ့မှာ ဆာဘာရိန်းဓာတ်ပါပြီး အဲဒီဓာတ်ဟာနှလုံးမှာ ဂလိုက်ကိုဆိုက်ဓာတ်အဖြစ်ပြောင်းကာ သိုလှောင်ပြီး နှလုံးအဆီဖုံးတာ၊ နှလုံးသွေးကြောကျဉ်းတာတွေကို ဖြစ်စေတတ်ပါတယ်။ ကလွာသီးကိုစားမိပြီး သေဆုံးသူတွေများလာတဲ့အခါ ကလွာပင်ကို လူကိုသေစေတဲ့အပင်လို့ သတ်မှတ်ခဲ့ကြပါတယ်။ ကလွာသီးကို စားမိပါက မိနစ် ၂၀ ကနေ မိနစ် ၃၀ အတွင်း ပျို့အန်တာ၊ အော့အန်တာနှင့် ဝမ်းလျှောတာတွေဖြစ်ပြီးနောက် ပြင်းထန်ပါက သေစေသည်ထိဖြစ်စေတယ်လို့ သိရပါတယ်။

**ဟိမဝန္တာဘယ်ရီသီး**



ဟိမဝန္တာဘယ်ရီသီးလို့ လူသိများတဲ့ Sea Buckthorn ဘယ်ရီသီးတွေဟာ လိမ္မော်ရောင်အဆင်းရှိ အမြင်အနေနဲ့ အလွန်ဆွဲဆောင်မှုရှိကာ အနံ့အရသာအနေနဲ့လဲ မွှေးကာ ချိုမြိန်တဲ့အရသာရှိပေမဲ့အစားများပါက ထိုဘယ်ရီသီးတွေဟာ အစာအိမ်နဲ့အူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေကိုဖြစ်စေတဲ့အပြင် သွေးကျဲတာ၊ သွေးတွင်းသကြားဓာတ်နည်းတာနဲ့ အပူအဖုပေါက်တာတွေကို ဖြစ်စေနိုင်တဲ့အပြင် အစေးကလဲ အရေပြားပေါ်ကျမိပါက အစေးလောင်တတ်တယ်လို့ Science Direct မဂ္ဂဇင်းမှာ ဖော်ပြထားတဲ့ လေ့လာမှုအရသိရပါတယ်။ ဒါကြောင့် ဟိမဝန္တာဘယ်ရီသီးဟာလဲ အများကြီးမစားသင့်တဲ့ အသီးပဲဖြစ်ပါတယ်။

အထက်မှာ ဖော်ပြပေးခဲ့တာကတော့ အဆိပ်အတောက်ဖြစ်စေနိုင်တဲ့အသီးတွေပဲဖြစ်ပါတယ်။ အဲဒီအသီးတွေကို တွေ့ပါက ဖြစ်နိုင်ရင် မခူးမိ၊ မစားမိစေဖို့နဲ့ စားသုံးရာမှာလဲ သတိပြုစားသုံးဖို့အတွက် ဖော်ပြပေးခဲ့ခြင်းဖြစ်ပါတယ်။ အထူးသဖြင့် မိမိတို့ရဲ့ကလေးငယ်တွေကို အဲဒီအသီးတွေ အကြောင်းသေချာနားလည်အောင်ရှင်းပြပြီး မစားမိ မခူး စေဖို့သင်ကြားပေးထားမှသာ ဘေးကင်းမှာဖြစ်ပါတယ်။

**ကိုးကား**

– 7 most poisonous fruits that you must avoid

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ကျားနှင့်မြေကြွက်



ဒီတစ်ပတ်မှာတော့ တူလေးနဲ့ တူမလေးတို့ကို ဦးဦးက "ကျားနှင့်မြေကြွက်"ဆိုတဲ့ ပုံပြင်ကလေး ပြောပြချင်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုရဲ့ အလယ်မှာ စမ်းချောင်းကလေးတစ်ခုရှိပြီး စမ်းချောင်းလေးရဲ့ ဘေးနားမှာ ကြီးမားတဲ့ကျောက်ဆောင်၊ ကျောက်တုံးကြီးတွေနဲ့ မြင့်မားတဲ့တောင်ကမ်းပါး တစ်ခုရှိသတဲ့။ အဲဒီတောင်ကမ်းပါးရဲ့အခြေမှာ ကျားတစ်ကောင်နေထိုင်သတဲ့ကွယ်။

စမ်းချောင်းကလေးနဲ့ တောင်ကမ်းပါးကြားမှာ ရှိတဲ့ မြေနုလွင်ပြင်ကျဉ်းကျဉ်းလေးမှာတော့ မြေကြွက်ကလေးတစ်ကောင်ဟာ မြေကျင်းတူးပြီး နေထိုင်သတဲ့။ မြေကြွက်ကလေးဟာ ဒီနေရာကို ရောက်ခါစတုန်းက ကျားကြီးကို အလွန်ပဲကြောက်သတဲ့ကွယ်။ ကျင်းထဲကို အစာတွေသယ်တာတို့၊ ရေသောက်ဆင်းတာတို့ကအစ ကျားကြီးနဲ့မဆုံမိအောင် ကြိုးစားပြီးရှောင်တိမ်းသတဲ့။ တဖြည်းဖြည်းနဲ့ ရက်အနည်းငယ်ကြာလာတော့ မြေကြွက်ကလေးဟာ ကျားကြီးကို တွေ့ပါမြင်ပါများပြီး သိပ်မကြောက်တော့ဘူးတဲ့ကွယ်။ သူ့စိတ်ထဲကနေ မိတ်ဆွေတစ်ယောက်လို ခင်မင်စိတ်တောင်ဖြစ်မိသတဲ့။ ကျားကြီးကတော့ သူ့ကို ဂရုတောင်မစိုက်ဘူးတဲ့ကွယ်။ သူ့ဘာသာပဲ အေးအေးလူလူ အိပ်နေလေ့ရှိသတဲ့။

နောက်ရက်တွေမှာတော့ မြေကြွက်ကလေးဟာ ကျားကြီးနဲ့တွေ့တဲ့အခါ နှုတ်ဆက်ပြီး စကားသွားပြောသတဲ့။ မိတ်ဆွေဖွဲ့တယ်ပေါ့။ ဒါပေမဲ့ ကျားကြီးက မေးတစ်ခွန်း၊ ပြောတစ်ခွန်းနဲ့ စကားကို တုံးတိတိ ပြန်ဖြေလေ့ရှိသတဲ့။ မြေကြွက်လိုမျိုး အကောင်သေးသေးလေးနဲ့ မိတ်ဆွေဖြစ်ရလို့ သူ့အတွက် အကျိုးမရှိပါဘူးလို့ တွေးနေသတဲ့ကွယ်။ တစ်နေ့မှာတော့ မြေကြွက်ကလေးဟာ မြေကျင်းထဲမှာအိပ်နေရင်း ပတ်ဝန်းကျင် ပထဝီမြေရဲ့အခြေအနေ ပြောင်းလဲမှုတွေကို သတိထားလိုက်မိသတဲ့။ အကြောင်းကတော့ မကြာခင် ရက်အနည်းငယ်အတွင်း ကြီးမားတဲ့မြေငလျင်ကြီးလှုပ်တော့မယ်လို့ သိသာထင်ရှားစေတဲ့အနံ့တစ်ခုကို မဟာပထဝီမြေကြီးကနေ သိရှိခံစားမိနေသတဲ့။ အဲဒီလို သိတယ်ဆိုရင်ပဲ သူ့မိတ်ဆွေကျားကြီးဆီကို အပြေးအလွှားသွားပြီးပြောပြသတဲ့။ ကျားကြီးနေတဲ့ကမ်းပါးထိပ်မှာ ကျောက်ဆောင်၊ ကျောက်တုံးကြီးတွေရှိလို့ ငလျင်လှုပ်တဲ့အခါ ပြိုကျလာနိုင်ကြောင်း၊ အခြားလုံခြုံတဲ့နေရာကို ခဏရှောင်တိမ်းနေသင့်ကြောင်း ပြောလိုက်သတဲ့။ ကျားကြီးက သူ့စကားကို မကြားချင်ယောင်ဆောင်ပြီး ကျောခိုင်းနေလိုက်သတဲ့ကွယ်။ ဒါနဲ့ မြေကြွက်ကလေးလဲ လှည့်ပြန်လာခဲ့ရတာပေါ့ကွယ်။

အဲဒီနေ့ညမှာ မြေကြွက်ကလေးဟာ သူ့မိတ်ဆွေအတွက်စိတ်ပူလို့ တစ်ညလုံး အိပ်မပျော်ဘူးတဲ့ကွယ်။ နောက်တစ်နေ့ မိုးလင်းတော့ မြေကြွက်ကလေးဟာ ချက်ချင်းပဲ ကျားကြီးဆီကို သွားပြောပြန်တာပေါ့ကွယ်။ အဲဒီအခါ ကျားကြီးက "အမယ် မဖြစ်စလောက်အကောင်ကလေးကများ ငါ့ကိုဆရာကြီးလာလုပ်နေတယ်။ ငါဒီမှာနေလာတာ ငါ့တစ်သက်ပဲကွ။ မင်းနောက်တစ်ခါလာပြောလို့ကတော့ သတ်ပစ်မယ်မှတ်"လို့ အော်ပြောပြီး မြေကြွက်ကလေးကို ခုန်အုပ်လိုက်သတဲ့။ မြေကြွက်ကလေးလဲ ကြောက်လန့်တကြား ကျင်းထဲကို အလျင်အမြန်ပဲ ဝင်ပြေးလိုက်ရတာပေါ့ကွယ်။ မြေကြွက်ကလေးဟာ မဖြစ်စဖူး အဖြစ်ထူးတဲ့ ကြီးမားတဲ့ ငလျင်ကြီးလာတော့မှာကို တွေးမိတိုင်း ကျောင်ဆောင်အောက်ခြေက ကျားကြီးကိုပဲ ပြေးမြင်မိသတဲ့။ သူ့မိတ်ဆွေအတွက် စိတ်မအေးနိုင်ဖြစ်နေသတဲ့ကွယ်။

ဒါနဲ့ နောက်ဆုံးအကြိမ်အဖြစ် အမုန်းခံပြီး သွားပြောဖို့ဆုံးဖြတ်လိုက်သတဲ့။ မနက်မိုးလင်းတော့ မြေကြွက်ကလေးဟာ ထုံးစံအတိုင်း သွားပြောလိုက်တာပေါ့။ ဒီအခါ ကျားကြီးဟာ မြေကြွက်ကလေးကို ဟိန်းဟောက်ပြီး ခုန်အုပ်ဖို့ ပြင်လိုက်တယ်ဆိုရင်ပဲ မြေကြွက်ကလေးဟာ ကျင်းထဲကို လှစ်ခနဲပြေးဝင်လိုက်ရသတဲ့ကွယ်။ ကျားကြီးလဲ အတော်ဒေါသထွက်သွားတာပေါ့ကွယ်။ မြေကြွက်ကလေးနေတဲ့ မြေကျင်းကို လက်သည်းနဲ့ကုတ်ခြစ်နေလို့ ကျင်းနှုတ်ခမ်းတွေ ပြိုကျပျက်စီးကုန်တာပေါ့ကွယ်။ အထဲက မြေကြွက်ကလေးလဲ တုန်ယင်နေတာပေါ့ကွယ်။ ကျားကြီး ထွက်သွားတဲ့အခါကျမှ သူ့မြေကျင်းလေးကို ပြန်ပြီး ပြုပြင်လိုက်ရသတဲ့။ နောက်ရက်အနည်းငယ်ကြာတော့ မြေကြွက်ကလေးပြောတဲ့အတိုင်း ကြီးမားပြီး ကြောက်စရာကောင်းတဲ့ မြေငလျင်ကြီးလှုပ်သတဲ့ကွယ်။ မြေကြွက်ကလေးကတော့ ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း လုံခြုံတဲ့နေရာမှာ ခိုအောင်းနေတာပေါ့။ တောကြီးတောင်ကြီးတစ်ခုလုံး တဝုန်းဝုန်းနဲ့ အတော်ကို ထိတ်လန့်စရာကောင်းလွန်းလှတာပေါ့ကွယ်။ နောက်ပြီး ကျားကြီးရဲ့အော်သံကိုလဲကြားလိုက်ရသတဲ့။ မနက်မိုးလင်းတော့ မြေကြွက်ကလေးလဲ ပတ်ဝန်းကျင်အနေအထားကို ကြည့်ရှုဖို့ဆိုပြီး အပြင်ထွက်လာလိုက်သတဲ့။ အဲဒီအခါမှာ ကျောက်တုံးပိပြီး သေဆုံးနေတဲ့ကျားကြီးကို တွေ့လိုက်ရသတဲ့ကွယ်။ မြေကြွက်ကလေးဟာ သေဆုံးနေတဲ့ ကျားကြီးနားမှာ ထိုင်ရင်း စိတ်မကောင်းခြင်းကြီးစွာနဲ့ "ငါ့စကားကိုသာ နားထောင်ခဲ့ရင် ဒီလိုမဖြစ်ပါဘူး"လို့ ပြောနေတာပေါ့ကွယ်။

ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။ ဒီပုံပြင်လေးကိုနားထောင်ပြီး တူလေး၊ တူမလေးတို့ရဲ့ဘဝမှာလဲ တတ်သိနားလည်သူ မိတ်ဆွေကောင်းတွေရဲ့စကားကို တန်ဖိုးထားတတ်ရမယ်နော်။ ပြီးတော့ မိမိက စေတနာထားပြီး ကူညီတဲ့အခါမှာ တစ်ဖက်လူက ကောက်ကျစ်ယုတ်မာပြီး အသိဉာဏ်မဲ့တဲ့ လူမိုက်ဖြစ်နေမယ်ဆိုရင် မိမိရဲ့အသက်အိုးအိမ် စည်းစိမ်ကိုရန်မူပြီး ထိခိုက်ပျက်စီးအောင် ပြုလုပ်နိုင်တယ်ဆိုတာ ဒီပုံပြင်ကလေးက မီးမောင်းထိုးဖော်ပြထားတာဖြစ်လို့ ကလေးတို့ သတိပြုဆင်ခြင်နိုင်ကြပါစေကွယ်။

**ဆလိုင်းသန်းဇော်ဝင်း**

## စည်းကမ်းလိုက်နာ ဘေးကင်းကွာ



♦ လမ်းဆုံလမ်းခွ လေးမျက်နှာ
မီးပွိုင့်ရှိတယ်ဗျာ၊
အသွားအလာ ဂရုပြု
မီးရောင်လေးသုံးခု။

♦ မီးနီကလေး လင်းလာလျှင်
ရပ်စောင့်ရမည်ပင်၊
မီးဝါမြင်သော် အသင့်ပြင်ထား
မီးစိမ်းလျှင် ထွက်စို့လား၊
သားသားမီးမီး မမေ့အား။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

## အုန်းမောင်းခေါက်သံ

♦ ရွာဦးကျောင်းက အုန်းမောင်းသံ
တုတ်တုတ် တုတ်တုတ်ညံ၊
အချိန်မှန်မှန် ခေါက်လို့ပေး
ကျေးလက်နာရီလေး။

♦ မကြီး မထွေး ထကြပေါ့
ဆွမ်းချက်ကြဖို့လေ၊
သံဃာတော်တွေ ဆွမ်းလောင်းကြ
အုန်းမောင်းလေးရဲ့ ကျေးဇူးဗျ
ကုသိုလ်တွေလည်းရ။ ။

**ကိုကျော်စွာ(ကျိုက်ပိ)**



# တူနီးရှားနိုင်ငံတွင် သစ်ပင်များ၌ AI ကင်မရာများတပ်ဆင်ကာ သစ်တောအတွင်း တောမီးလောင်ကျွမ်းမှုကိုလျှော့ချရန် စီစဉ်နေ





AI တောမီးခန့်မှန်းမှုကင်မရာစနစ်၏ လုပ်ဆောင်ပုံ။

**တူးနစ် ဇွန် ၇**

တူနီးရှားနိုင်ငံသည် ပူပြင်းခြောက်သွေ့ကာ မိုးခေါင်မှုများကြောင့် မကြာခဏ တောမီးလောင်ကျွမ်းမှုများ သက်သာစေရန် AI တောမီးခန့်မှန်းမှုကင်မရာစနစ်များကို သစ်တောများအတွင်းရှိ သစ်ပင်များတွင် တပ်ဆင်ကာ သစ်တောအတွင်း တောမီးလောင်ကျွမ်းမှုကို လျှော့ချရန် စီစဉ်နေကြောင်း ဇွန် ၆ ရက် သတင်းများအရ သိရသည်။

တူနီးရှားနိုင်ငံတွင် ၂၀၁၇ ခုနှစ်မှစတင်၍ မိုးခေါင်လာခြင်းဖြစ်ပြီး ထိုအချိန်မှစပြီး မိုးရေနှင့် မြေအောက်ရေကဲ့သို့ သဘာဝရေအရင်းအမြစ်များကို အားထားစိုက်ပျိုးနေရသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆည်ရေသွင်းစိုက်ပျိုးမှုများတွင် အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်က ကောက်ယူထားသော စစ်တမ်းများအရ သစ်တောများ တောမီးလောင်ကျွမ်းခြင်းကြောင့် ပျက်စီးဆုံးရှုံးခြင်းက မိုးခေါင်မှုကိုပိုဖြစ်စေသည့်အတွက် ရာသီဥတုနှင့်လိုက်လျောညီထွေသော နေထိုင်မှုစနစ်ကိုဖော်ဆောင်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ရလဒ်အနေဖြင့် ယခုကဲ့သို့ AIတောမီးခန့်မှန်းမှုကင်မရာစနစ်များကို သစ်ပင်များတွင်တပ်ဆင်ကာ သစ်တောအတွင်း တောမီးလောင်ကျွမ်းမှုကိုလျှော့ချရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တူနီးရှားသစ်တောထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တူနီးရှားနိုင်ငံအနေဖြင့် AI ကင်မရာဖြင့် တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေး အစီအစဉ်၏ အောင်မြင်မှုရလဒ်ကို များစွာမျှော်လင့်ထားပြီး တောမီးကို အချိန်မီထိန်းချုပ်နိုင်ပါက သစ်တောများပျက်စီးမှုကို ထိန်းချုပ်နိုင်မည်ဖြစ်သည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း တူနီးရှား သစ်တောထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ပြင်းအား ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့

**ပေကျင်း ဇွန် ၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ပြင်းအား ၅ မဂ္ဂနီကျူရှိ ငလျင်တစ်ခု ဇွန် ၅ ရက် နံနက် ၄ နာရီ ၃၁ မိနစ်တွင် လှုပ်ခတ်ခဲ့ကြောင်း တရုတ်နိုင်ငံ ငလျင်စောင့်ကြည့်ရေး စင်တာ (CENC)မှ ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါလှုပ်ခတ်ခဲ့သော ငလျင်သည် မြောက်လတ္တီတွဒ် ၂၆ ဒသမ ၂၆ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၀၀ ဒသမ ၀၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ငလျင်စောင့်ကြည့်ရေးစင်တာ(CENC) က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာယွမ်ကောင်တီနှင့် ဟီးချင်းကောင်တီတို့၌ ပြင်းပြင်းထန်ထန် လှုပ်ခတ်ခဲ့ပြီး အဆိုပါနေရာများတွင်နေထိုင်သော ဒေသခံများသည် ငလျင်လှုပ်ခတ်မှုကြောင့် အထိတ်တလန့်ဖြစ်ကာ အမိုးအကာများအောက်မှ ထွက်ပြေးခဲ့ရကြောင်း၊ လက်ရှိတွင် လူနေအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံတချို့အနည်းငယ်ပျက်စီးခဲ့ကာ လူတချို့ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း သေဆုံးမှု မရှိကြောင်း သိရသည်။

ပြည်နယ်မီးသတ်အဖွဲ့နှင့် ပရဟိတအဖွဲ့များက ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်ကာ ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်နေပြီး အပျက်အစီးများကိုလည်း ရှင်းလင်းရေးများပြုလုပ်နေကြောင်း၊ နေစရာပျက်စီးသွားသူများအတွက် ယာယီနေထိုင်ရာနေရာများ ဆောက်လုပ်ပေးထားကြောင်း၊ လက်ရှိတွင် ပျက်စီးမှုအတိအကျကိုမူ စစ်တမ်းများကောက်ယူနေဆဲ ဖြစ်ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်ဟု သိရသည်။

Ref : Sputnik News

Trs : KZ

# ဂွာတီမာလာနိုင်ငံတွင် ဖွေဂိုမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး အနီးပတ်ဝန်းကျင်မှ ဒေသခံ လူဦးရေ ၇၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဂွာတီမာလာစီးတီး ဇွန် ၇**

ဂွာတီမာလာနိုင်ငံ ဆန်ဂျူအန်အလိုတီနန်ဂိုမြို့အနီးရှိ ဖွေဂိုမီးတောင်သည် ဇွန် ၆ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင်သော ဒေသခံ လူဦးရေ ၇၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဂွာတီမာလာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



မီးခိုးငွေ့များသည် မီးတောင်အထက် ငါးကီလိုမီတာအကွာသို့ ရောက်ရှိပျံ့နှံ့ခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို ယာယီရွက်ဖျင်တဲများဖြင့် နေရာချပေးထားကြောင်း၊ သို့သော်လည်း ယာယီရွက်ဖျင်တဲများ လုံလောက်မှုမရှိသည့်အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူများအတွက် အခက်အခဲရှိနေကြောင်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဒေသခံ အိုလ်ဂါလိုပက်ဇ်က နိုင်ငံပိုင် သတင်းဌာနသို့ ပြောကြားခဲ့သည်။

"ဖွေဂိုမီးတောင် ပေါက်ကွဲမှုကြောင့် မီးခိုးငွေ့တွေ ပျံ့နှံ့နေပါတယ်။ အခု ယာယီကယ်ဆယ်ရေးစခန်းမှာ ယာယီရွက်ဖျင်တဲတွေ မလုံလောက်ဘူး ဖြစ်နေပါတယ်" ဟု ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဒေသခံ အိုလ်ဂါလိုပက်ဇ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကိုလံဘီယာနိုင်ငံတွင် ယခုနှစ် ပထမလေးလအတွင်း ၂၀၂၄ ခုနှစ်ကထက် သစ်တောပြုန်းတီးမှု ၃၃ ရာခိုင်နှုန်း လျော့ကျခဲ့

**ဘိုဂိုတာ ဇွန် ၇**

ကိုလံဘီယာနိုင်ငံသည် သစ်တောပြုန်းတီးမှု လျှော့ချရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လာခဲ့ပြီးနောက် ယခုနှစ် ပထမလေးလအတွင်း သစ်တောပြုန်းတီးမှုသည် ၂၀၂၄ ခုနှစ်ကထက် ၃၃ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ကိုလံဘီယာ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၆ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ကိုလံဘီယာနိုင်ငံ သစ်တောပြုန်းတီးမှုလျှော့ချရေး ရည်မှန်းချက်အတွက် အစိုးရအဖွဲ့အစည်းများအပြင် လူမှုအဖွဲ့အစည်းများလည်း ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းဖြစ်ပြီး ထိရောက်သောမူဝါဒများကြောင့် သစ်တောပြုန်းတီးမှု ပမာဏ သိသိသာသာလျော့ကျလာခဲ့ခြင်းဖြစ်ကြောင်း၊ မှတ်တမ်းများအရ ၂၀၂၄ ခုနှစ် ပထမလေးလတွင် သစ်တောပြုန်းတီးမှု ပမာဏမှာ ၄၀၂၁၉ ဟက်တာထိရှိခဲ့ပြီး ယခုနှစ် လေးလအတွင်း သစ်တောပြုန်းတီးမှုမှာ ဟက်တာ ၂၇၀၀၀ သာရှိခဲ့ကြောင်း ကိုလံဘီယာသဘာဝပတ်ဝန်းကျင် ဝန်ကြီး လီနာအက်စထရာဒါက ပြောကြားခဲ့သည်။

"ဒီနှစ်ရဲ့ ပထမလေးလမှာ သစ်တောပြုန်းတီးမှုဟာ ၂၀၂၄ ခုနှစ်ရဲ့ ပထမလေးလထက် သိသိသာသာ လျော့ကျလာခဲ့ပါတယ်။ အမေဇုန်သစ်တောကြိုးဝိုင်းမှာလဲ သစ်တောပြုန်းတီးမှုတွေ လျော့ကျလာတယ်။ အမေဇုန်သစ်တောကြိုးဝိုင်းတစ်ခုတည်းကို ပြောမယ်ဆိုရင်တော့ သစ်တောပြုန်းတီးမှုဟာ ၅၄ ရာခိုင်နှုန်းထိ လျော့ကျခဲ့တယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် သစ်တောပြုန်းတီးမှုဟာ ၃၃ ရာခိုင်နှုန်းထိ လျော့ကျလာခဲ့ပါတယ်"ဟု ကိုလံဘီယာ သဘာဝပတ်ဝန်းကျင် ဝန်ကြီး လီနာအက်စထရာဒါက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ရေထုညစ်ညမ်းမှုလျှော့ချရေးတွင် ပါဝင်ခြင်းမရှိဘဲ သောက်သုံးရေပေးဝေသော ကုမ္ပဏီခြောက်ခုကို အပိုဆုကြေးငွေပေးအပ်မည်မဟုတ်ကြောင်း ဗြိတိန်အစိုးရထုတ်ပြန်

**လန်ဒန် ဇွန် ၇**

ဗြိတိန်အစိုးရသည် ရေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၎င်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်ခြင်းမရှိဘဲ သောက်သုံးရေပေးဝေသော ကုမ္ပဏီခြောက်ခုကို နှစ်စဉ်ပေးလျက်ရှိသည့် အပိုဆုကြေးငွေ ပေးအပ်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

၎င်းကုမ္ပဏီများမှာ အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံအခြေစိုက် ကုမ္ပဏီကြီးများဖြစ်ပြီး နာမည်ကြီးကုမ္ပဏီတစ်ခုဖြစ်သည့် Thames Water ကုမ္ပဏီလည်း ပါဝင်နေကြောင်း၊ မိလ္လာရေစိမ့်ထွက်မှုပြဿနာနှင့်ပတ်သက်ပြီး Thames Water ကုမ္ပဏီအနေဖြင့် ဝေဖန်မှုများရှိနေသကဲ့သို့ ၎င်းပြဿနာကို ဖြေရှင်းရန်လည်း လိုက်ပါဆောင်ရွက်မှု အားနည်းနေကြောင်း ဗြိတိန်အစိုးရက သုံးသပ်ခဲ့သည်။

"သောက်သုံးရေ ပေးဝေမှုနဲ့ပတ်သက်ပြီး တာဝန်ယူဆောင်ရွက်နေတဲ့ ကုမ္ပဏီတချို့ကို ရေထုညစ်ညမ်းမှု လျှော့ချရေး မူဝါဒနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် နှစ်စဉ်ပေးအပ်နေတဲ့ အပိုဆုကြေးငွေ ပေးအပ်သွားတော့မှာမဟုတ်ပါဘူး။ အပိုဆုကြေးငွေပေးအပ်သွားဖို့ မူဝါဒနဲ့ကိုက်ညီမှုမရှိတဲ့ ကုမ္ပဏီခြောက်ခုရှိနေပါတယ်"ဟု ဗြိတိန် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်အစိုးရအနေဖြင့် သောက်သုံးရေ ပေးဝေမှုနှင့်ပတ်သက်ပြီး နှစ်ချုပ်စာရင်း ပြုလုပ်ပြီးပါက ကုမ္ပဏီအလိုက် အပိုဆုကြေးငွေပေးအပ်လျက် ရှိသော်လည်း ယနေ့တွင် အတည်ပြုလိုက်သည့် ရေထုညစ်ညမ်းမှု လျှော့ချရေး မူဝါဒအရ လိုက်ပါဆောင်ရွက်မှု အားနည်းသည့် Thames Water, Yorkshire Water, Anglian Water, Wessex Water, United Utilities နှင့် Southern Water ကုမ္ပဏီတို့ကို အပိုဆုကြေးငွေပေးအပ်မည်မဟုတ်ကြောင်း အတိအလင်းထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကုန်ဆုံးသွားသော စွမ်းအားများ



## DAGON Malta Fresh

နဲ့ ပြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ

ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**



**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀





**ထီလက်မှတ်လက်ဆောင်ပေးရန် QR Code ဘယ်လိုလုပ်ရမလဲ?**

အဆင့် (၁) - "ထီလက်မှတ်ပေးမည်" ကိုနှိပ်ပါ။

အဆင့် (၂) - လက်ဆောင်ပေးလိုသော အကြောင်းအရာနှင့် အမျိုးအစားကိုရွေးချယ်ပါ။ လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ပါ။ ဆုတောင်းစကားရေးပြီး "ထီလက်မှတ်ရွေးချယ်ရန်" ကိုနှိပ်ပါ။

အဆင့် (၃) - ကြိုက်နှစ်သက်ရာ ထီလက်မှတ်များရွေးချယ်ပြီး ငွေပေးချေမှု ပြုလုပ်ပါ။

အဆင့် (၄) - ငွေပေးချေမှု အောင်မြင်ပါက QR Code တစ်ခုအား စနစ်မှ အလိုအလျောက် ဖန်တီးပေးပါမည်။

အဆင့် (၅) - QR Code အား သိမ်း၍သော်လည်းကောင်း၊ တိုက်ရိုက်ဝေမျှ၍ သော်လည်းကောင်း၊ ချစ်ခင်ရသူဆီများသို့ ထီလက်မှတ် လက်ဆောင် ပေးနိုင်ပါသည်။

**ထီလက်မှတ်လက်ဆောင်ကို ဘယ်လိုယူရမလဲ?**

အဆင့် (၁) - ထီလက်မှတ်သို့ ဝင်ပါ။

အဆင့် (၂) - "ထီလက်မှတ်ရယူမည်" သို့ ဝင်ပါ။

အဆင့် (၃) - ထီလက်ဆောင်ပေးသူ ပေးပို့ထားသော QR Code ကို Scan ဖတ်ပါ။



Call Center 777 (or) 09 677 000 777

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေဘွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ဖခင်အမည်မှန်

ဘားအံမြို့၊ သာမညကျေးရွာ ပညာအောင်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော နန်းခိုင်သော့ခလိမ်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစောအောင်နိုင်ဦးဖြစ်ပါကြောင်း။ **ဦးစောအောင်နိုင်ဦး(၃/ဘအန(နိုင်)၂၉၁၃၄၄)**

## ပျောက်ဆုံးကြောင်း

ဒေးဒရဲမြို့နေ၊ ကျူဒါးချောင်းအုပ်စု၊ အနောက်ပိုင်းကျေးရွာနေ (ဘ) ဦးတင်ရွှေ၏သားဖြစ်သူ မောင်ရှိုင်းပြည့်အောင်(၁၄/ဒဒရ(နိုင်)၂၁၈၅၀၈)၏နိုင်ငံကူးလက်မှတ်အမှတ်(MG-674061)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၀၃၅၈၅၄၅


**အဖိုးတန် ရေချိုကို ချွေတာပါ**



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ

လိုအပ်သည်ဟု ခံစားနေရပါက

သတင်းအချက်အလက်မျှဝေရာစင်တာသို့

ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ (ဦးမောင်မောင်)+ဒေါ်ပေါ်တို့၏ သားဖြစ်သူ မောင်ခွန်ဟိန်းစိုး (ခ) ဂျိုးဂျိုးသည် မိခင်နှင့် မောင်နှမများ၏ ဆိုဆုံးမမှုကို နားထောင်ခြင်းမရှိဘဲ အိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

သို့ဖြစ်ပါ၍ မောင်ခွန်ဟိန်းစိုး (ခ) ဂျိုးဂျိုးနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်ပေါ်(၅/စကန(နိုင်)၀၇၉၉၈၁)

## ဖခင်အမည်မှန်

ဘားအံမြို့၊ သာမညကျေးရွာ ပညာအောင်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မောင်လှမျိုးမင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းဟံဖြစ်ပါကြောင်း။ **ဦးသိန်းဟံ(၈/ပခန(နိုင်)၁၀၆၆၄၉)**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ Bright Kids Myittha(Pre School & Private Primary School) Grade-1 တွင် တက်ရောက်ပညာသင်ကြားနေသော (ဘ) ဦးကျော်သူအောင်၏သမီး မသုသုစံတင်အား မဆုလှဲ့တင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုလှဲ့တင်(Grade-1)


**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သော ကြောင့် ရှောင်ကြဉ်သင့်သည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တို့သည်ကိုယ်ခံအားကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင် ဆောင်ရွက်နိုင်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မိတ်ဆွေဟောင်း မိတ်ဆွေကောင်းတို့၏ စိန်ရတုကို ဂုဏ်ပြုကြိုပါသည်...

ဆောင်းပါး စာမျက်နှာ- ၂၀

## လျှပ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ- ၁၉

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန်အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



နေပြည်တော် ဇွန် ၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနကဦးဆောင်သည့် One StopService ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းတို့တွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် မေလအတွင်း

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257